

# ရုန်းကန်ရသည့် ကစားပွဲ

## ကိုဗစ်ကပ်ရောဂါ၏ မြန်မာ့စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်သက်ရောက်မှုများ

Photo: Mar Naw

Inya Economics

ခင်စုစုသွယ်၊ ပျိုးမြတ်ပိုင်၊
အိအိခင်၊ အေးလှိုင်လှိုင်ကျော်

ဇန်နဝါရီလ၊ ၂၀၂၁ ခုနှစ်

# ရုန်းကန်ရသည့် ကစားပွဲ

## ကိုဗစ်ကပ်ရောဂါ၏ မြန်မာ့စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်သက်ရောက်မှုများ

ဇန်နဝါရီလ၊ ၂၀၂၁ ခုနှစ်

ခင်စုစုသွယ်၊ ပျိုးမြတ်ပိုင်၊ အိအိခင် နှင့် အေးလှိုင်လှိုင်ကျော်

Copyright © 2021 by Inya Economics LTD GTY. All rights reserved.

© ၂၀၂၁၊ အင်းလျားဘောဂဗေဒ လီမိတက် ဂရန်တီ၏ မူပိုင်ဖြစ်သည်။

ဤစစ်တမ်းတိုတွင် ပါဝင်သော အမြင်များမှာ စာရေးသူများ၏ ထင်မြင်ယူဆ သုံးသပ်ချက်များဖြစ်ပြီး အင်းလျားဘောဂဗေဒနှင့် အင်းလျားဘောဂဗေဒ မိတ်ဖွဲ့အဖွဲ့အစည်းများတို့၏ အမြင်များကို ကိုယ်စားမပြုပေ။ ၎င်းသည် အင်းလျားဘောဂဗေဒအဖွဲ့၏ ရန်ပုံငွေဖြင့် အင်းလျားဘောဂဗေဒ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်မှ ဦးဆောင်ပြုလုပ်နေသော သုတေသနအစီရင်ခံစာတစ်ခု၏ တစိတ်တပိုင်းမျှသာ ဖြစ်သည်။ အစီရင်ခံစာတွင် ပါဝင်သော အချက်အလက်များသည် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများနှင့် ကျမ်းကိုး အချက်အလက်များပေါ်တွင် အခြေခံပါသည်။ ဤအစီရင်ခံစာတွင် ပါဝင်သော စာများ၊ ပုံများ၊ ဇယားများနှင့် အချက်အလက်များကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးစီးပွားအလို့ငှာ တစ်ဆင့်ပြန်လည် ကူးယူခြင်း၊ အသုံးပြုခြင်းများကို ခွင့်မပြု။ အင်းလျားဘောဂဗေဒသို့ ကြိုတင် ခွင့်ပြုချက်တောင်းခံရမည်။ အခြားသော အင်းလျားဘောဂဗေဒ၏ လုပ်ငန်းများ၊ သုတေသနများ၊ စာတမ်းများကို ဖတ်ရှုလိုပါက https://www.inyaeconomics.com/ တွင်ဖတ်ရှုနိုင်ပြီး ဝေဖန်၊ အကြံပြု၊ ဆက်သွယ်လိုပါက inyaeconomics@gmail.com သို့ လွတ်လပ်စွာပေးပို့ ဆက်သွယ်နိုင်ပါသည်။

# အင်းလျားဘောဂဗေဒ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အကြောင်း

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အင်းလျားဘောဂဗေဒ စတင်တည်ထောင်ချိန် ၂၀၁၇ခုနှစ်တွင် အင်းလျားဘောဂဗေဒ၏ စီးပွားရေးယူနစ်အဖြစ် ဖွဲ့စည်းခဲ့ပြီး၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအကြောင်းကို သုတေသနပြုလုပ်၍ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်ခဲ့ပါသည်။ ၂၀၁၉ခုနှစ်တွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ် ပြောင်းလဲခဲ့ပြီး လက်ရှိတွင် စီးပွားရေးလုပ်ငန်းများအတွက် သုတေသနများပြုလုပ်ပေးလျက်ရှိပြီး၊ အထူးသဖြင့် ဈေးကွက်သုတေသန၊ စားသုံးသူများ၏ အပြုအမူများကိုလေ့လာခြင်း၊ လုပ်ငန်း၏ ထိရောက်မှု၊ သက်ရောက်မှုများကို အကဲဖြတ်နိုင်သည့် သုတေသနများ၊ အစိုးရနှင့် ပူးပေါင်းလုပ်ကိုင်သည့်လုပ်ငန်းများအတွက် အကြံပေးဝန်ဆောင်မှုများနှင့် စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် သီးသန့်သုတေသနများ ပြုလုပ်ပေးသည့် ဝန်ဆောင်မှုများကို ပေးလျက်ရှိပါသည်။

Inya
Economics

(95) 9- 420107454, 420523107

inyaeconomics@gmail.com

www.inyaeconomics.com

www.facebook.com/inyaeconomics

# ကျေးဇူးတင်စကား

ဤစစ်တမ်းတိုမှာ အင်းလျားဘောဂဗေဒ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်မှ ဦးဆောင် သုတေသနပြု ရေးသားခြင်းဖြစ်ပြီး မြန်မာ့စီးပွားရေးလုပ်ငန်းများအကြောင်း အစီရင်ခံစာ (၂၀၂၀ခုနှစ်) ၏ အစိတ်အပိုင်း တစ်ခုအဖြစ် ကိုဗစ်ကပ်ရောဂါကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီးပွားရေး လုပ်ငန်းများကို ဖုန်းအင်တာဗျူးနည်းဖြင့် မေးမြန်း သုတေသနပြုလုပ်၍ ရေးသားထားသည့် စာတမ်းတိုဖြစ် ပါသည်။ သို့ဖြစ်ပါ၍ ဤစာတမ်းဖြစ်မြောက်စေရန် အဓိကပါဝင်ကူညီ ဖြေကြားပေးကြပါသော တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်များကို ဦးစွာ ကျေးဇူးတင်လိုပါသည်။

အရေးပါ၍ တန်ဖိုးရှိလှသော အကြံညဏ်များပေးခဲ့ကြပါသော ဆန်းလင်းအောင် (ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ် ညှိနှိုင်းရေးမှူး)၊ ရဲမင်းအောင် (ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အရာရှိ)နှင့် သူရိန်လွင်တို့ကို ကျေးဇူးတင်ရှိလိုပါသည်။ လိုအပ်သော တည်းဖြတ်၊ ပြင်ဆင်ပေးမှုတွင် ပါဝင်ပေးပါသော မေသူ ထက် (အချိန်ပိုင်းနည်းပညာအကြံပေး) ကိုလည်း ကျေးဇူးတင်ရှိပါသည်။

စစ်တမ်းတိုကို ခင်စုစုသွယ် (တတိယနှစ်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘာသာရပ်အထူးပြု၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်)၊ ပျိုးမြတ်ပိုင် (ပထမနှစ်၊ ဖွံ့ဖြိုးမှုပညာဘာသာရပ်အထူးပြု၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်)၊ အိအိ ခင်(တတိယနှစ်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘာသာရပ်အထူးပြု၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်) နှင့် အေးလှိုင်လှိုင် ကျော် (တတိယနှစ်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘာသာရပ်အထူးပြု၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့က အဓိက ရေးသား ပြုစုခဲ့ကြသည်။ အင်းလျားဘောဂဗေဒမှ ဤစစ်တမ်းတိုအတွက် ကနဦးအချက်အလက်ကောက်ယူ စုဆောင်းခြင်းနှင့် အင်တာဗျူးမေးမြန်းခြင်းတို့ ဆောင်ရွက်ပေးခဲ့သော စုသီရိစံ၊ ဆုသီရိစိုး၊ နှင်းအိမ့်ခြယ်၊ မေဦး မိုး၊ သိမ့်သဇင်လင်းနှင့် အေးချမ်းဖြူဖြူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

# မာတိကာ

**ကျေးဇူးတင်စကား..........(က)**

**အနှစ်ချုပ်ဖော်ပြချက်..........(ဂ)**

**နည်းနာနိဿယအကျဉ်း..........(ယ)**

**၁။ ကိုဗစ်လှိုင်းများအကြောင်း အကျဉ်းချုပ်လေ့လာခြင်း..........၁**

**၂။ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုနှင့် သက်ရောက်မှုများ**

**၂.၁ ဧရာဝတီတိုင်းဒေသကြီး**

၂.၁.၁ ဧရာဝတီတိုင်းဒေသကြီးရှိ ဆန်စက်လုပ်ငန်းများ အပေါ် ထိခိုက်မှု..........၁

**၂.၂ ပဲခူးတိုင်းဒေသကြီး**

၂.၂.၁ ပဲခူးတိုင်းဒေသကြီးရှိ ပဲလုပ်ငန်းများအပေါ်ထိခိုက်မှု..........၃

၂.၂.၂ ပဲခူးတိုင်းဒေသကြီးရှိ ကြွေလုပ်ငန်းများအပေါ်ထိခိုက်မှု..........၄

**၂.၃ မကွေးတိုင်းဒေသကြီး**

၂.၃.၁ မကွေးတိုင်းဒေသကြီးရှိ ပဲနှင့်ဆီထွက်သီးနှံလုပ်ငန်းများအပေါ်ထိခိုက်မှု..........၆

၂.၃.၂ မကွေးတိုင်းဒေသကြီး ကြက်သွန်လုပ်ငန်းများအပေါ်ထိခိုက်မှု..........၇

**၂.၄ ချင်းပြည်နယ်**

၂.၄.၁ ချင်းပြည်နယ် ဝဥကုန်သည်လုပ်ငန်းများအပေါ် ထိခိုက်မှု..........၈

၂.၄.၂ ချင်းပြည်နယ်ရှိ ဟိုတယ်လုပ်ငန်းများအပေါ် ထိခိုက်မှု..........၉

**၂.၅.၁ ကရင်ပြည်နယ်**

၂.၅.၁ ကရင်ပြည်နယ် ရာဘာလုပ်ငန်းများအပေါ်သက်ရောက်မှု..........၁၀

**၂.၆ မန္တလေးတိုင်းဒေသကြီး**

၂.၆.၁ မန္တလေးတိုင်းဒေသကြီးရှိ ခရီးသွားများအပေါ်မှီခိုအားထားရသောလုပ်ငန်းများ..........၁၁

**၂.၇ မွန်ပြည်နယ်**

၂.၇.၁ မွန်ပြည်နယ် ရာဘာလုပ်ငန်းများအပေါ် သက်ရောက်မှု..........၁၃

**၂.၈ ရန်ကုန်တိုင်းဒေသကြီး**

၂.၈.၁ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွါးရေးလုပ်ငန်းများ အပေါ်ထိခိုက်မှု..........၁၄

**၂.၉ ရှမ်းပြည်နယ်**

၂.၉.၁ ရှမ်းပြည်နယ်၏ လက်ဖက်လုပ်ငန်းအပေါ်ထိခိုက်မှု..........၁၆

၂.၉.၂ ရှမ်းပြည်နယ်ကော်ဖီလုပ်ငန်းအပေါ်ထိခိုက်မှု..........၁၈

**၃။ မူဝါဒရေးရာ အကြံပြုချက်များ..........၂၀**

# အနှစ်ချုပ်ဖော်ပြချက်

ဤစစ်တမ်းတိုအား ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စီးပွားရေးလုပ်ငန်းများ၏ အခြေအနေကို အစိုးရ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ သုတေသီများနှင့် ပြည်သူများအားလုံး အတိုင်းအတာတစ်ခုအထိ နားလည်သဘောပေါက်၍ လိုအပ်သော တုံ့ပြန်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ဤစစ်တမ်းတိုတွင် ကိုဗစ်ကပ်ရောဂါကာလအတွင်း စီးပွားရေးလုပ်ငန်းများ၏ ထိခိုက်မှုများနှင့် သက်ရောက်မှုများကို အသားပေးဖော်ပြထားပါသည်။

ကိုဗစ်ကပ်ရောဂါကြောင့် ပြည်ပဝယ်လိုအား မသေချာသည့် အခြေအနေတွင် စုစုပေါင်းဝယ်လိုအား တိုးတက်စေရန်အတွက် ပြည်တွင်းဝယ်လိုအား တိုးတက်စေရေးမှာ အဓိကကျလာသည်။ အဘယ့်ကြောင့်ဆိုသော် ကိုဗစ်ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းအများစု ထိခိုက်နေချိန်တွင် ပြည်တွင်းဝယ်လိုအားသေချာမှုရှိသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ ပိုမိုတိုးတက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပြည်တွင်းဝယ်လိုအား သေချာမှုရှိခြင်းက စုစုပေါင်းပြည်တွင်းဝယ်လိုအား ပြန်လည် ကောင်းမွန်လာစေရန်အတွက် များစွာ အထောက်အကူပြုနိုင်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးလုပ်ငန်းအများစုသည် ပြည်ပဝယ်လိုအား ကျဆင်းမှုကြောင့် လုပ်ငန်းဝင်ငွေသိသာစွာ ထိခိုက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အသစ်များပြုလုပ်ရန်မှာမှု များစွာ မသေချာ မရေရာမှုများ ရှိပါသည်။

လေ့လာခဲ့သည့် စီးပွားရေးလုပ်ငန်းအများစုတွင် ၎င်းတို့၏ အလုပ်သမား လျှော့ချရမှုများကို လုပ်အားအခြေပြု စီးပွားရေးလုပ်ငန်းများတွင် ပိုမိုတွေ့ရှိရပြီး၊ လုပ်သားအင်အားလျှော့ချခြင်း ခံခဲ့ရသည့် ဝန်ထမ်းများကို အစားထိုးအလုပ်များပေးနိုင်ရန်အတွက် အစိုးရမှ အချိန်မီ မလုပ်ဆောင်နိုင်သလို၊ လုပ်ဆောင်နိုင်ရန် အတွက်လည်း အတားအဆီး၊ အခက်အခဲများစွာ ရှိနေပေသည်။ အလုပ်သမားများအတွက် အဆိုးရွားဆုံး ထိခိုက်မှုမှာ နေရပ်ပြန်ရန် ကန့်သတ်မှုများ ရှိနေခြင်းကြောင့် လုပ်ငန်းတည်ရှိရာနေရာတွင်ပင် ရှင်သန်နေထိုင် နေရပြီး ကြွေးနွံနစ်မှုများကို ကြုံတွေ့ရနိုင်ခြေ မြင့်မားနေခြင်းပင် ဖြစ်ပါသည်။


သို့ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီးပွားရေး လုပ်ငန်းများကို ကျားကန်ပေးနိုင်ရန်အတွက် အစိုးရ၏ အထောက်အပံ့မှာ ကပ်ရောဂါကာလအတွင်းနှင့် အလွန်တွင် အထူးပင်အရေးကြီးလှပါသည်။

ကပ်ရောဂါအတွင်း ကူးစက်မှုများ မပြန့်ပွားရန်အတွက် လူစုလူဝေးမပြုလုပ်စေခြင်းမှာ အလွန်အရေးကြီးသည့် ကာကွယ်မှုဖြစ်သလို၊ စီးပွားရေးနာလန်ပြန်ထူနိုင်စေရန် ပြည်တွင်း၊ ပြည်ပ ကုန်စည်စီးဆင်းမှုများနှင့် ရောင်းဝယ်သယ်ဆောင်မှုများကို လုံးဝပြတ်တောက်သွားခြင်းမရှိအောင် ဆောင်ရွက်ခြင်းမှာလည်း တန်းတူအလွန်အရေးကြီးလှပါသည်။

# နည်းနာနိဿယအကျဉ်း

ဤသုတေသနအား မြန်မာနိုင်ငံ၏ ဂျီဒီပီတွင် ကဏ္ဍကြီး (၃)ခုဖြစ်သည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများအောက်၌ အဓိကပါဝင်နေပြီး ဂျီဒီပီပါဝင်မှု ရာခိုင်နှုန်းအများဆုံးဖြစ်သည့် လုပ်ငန်းအမျိုးအစားများကို စနစ်တကျ စစ်ထုတ်ရွေးချယ်၍ ပေါ်ထွက်လာသော တိုင်းဒေသကြီးနှင့်ပြည်နယ် (၉)ခုရှိ လုပ်ငန်းအမျိုးအစားပေါင်း (၁၇)ခုတွင် လုပ်ငန်းပိုင်ရှင် (သို့) အကြီးတန်းစီမံခန့်ခွဲခွင့်ရှိသူအား ၂၀၂၀ ခုနှစ် ဇူလိုင်လမှ သြဂုတ်လအတွင်း အင်တာဗျူးမေးမြန်းပြီး အခြားသောစာတမ်းများပါ ပေါင်းစပ်လေ့လာ၍ သုတေသနပြုလုပ်ထားပါသည်။ ဤစစ်တမ်းတွင် လေ့လာခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စီးပွားရေးလုပ်ငန်းများမှာ-

**သုတေသနပြု မေးမြန်းခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့် ၎င်းတို့၏ ကဏ္ဍကြီးများပြပုံ**



| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ကဏ္ဍကြီး | စီးပွားရေးလုပ်ငန်း အမျိုးအစား | ပြည်တွင်းဈေးကွက် | ပြည်ပဈေးကွက် |
|---|---|---|---|---|---|
| ၁။ | ဧရာဝတီတိုင်းဒေသကြီး | လယ်ယာ | ဆန်စက်လုပ်ငန်း | ရန်ကုန်၊ မန္တလေး၊ မြိတ်၊ မြဝတီ၊ ရှမ်းပြည်မြောက်ပိုင်း၊ ရှမ်းပြည်တောင်ပိုင်း၊ ဘုရားသုံးဆူ၊ ကော့သောင်း၊ မူဆယ်၊မော်လမြိုင် | တရုတ်၊ ထိုင်း |
| ၂။ | ပဲခူးတိုင်းဒေသကြီး | လယ်ယာ | ပဲလုပ်ငန်း၊ ကြံလုပ်ငန်း | ရခိုင် | ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ UAE |
| ၃။ | မကွေးတိုင်းဒေသကြီး | လယ်ယာ | ပဲနှင့်ဆီထွက်သီးနှံလုပ်ငန်း၊ ကြက်သွန်လုပ်ငန်း | မန္တလေး | ဂျပန်၊ အိန္ဒိယ |
| ၄။ | ချင်းပြည်နယ် | လယ်ယာ၊ ဝန်ဆောင်မှု | ဝဥလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း | ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ | တရုတ် ၊ဂျပန်၊ ဥရောပနှင့် အာရှနိုင်ငံများ |
| ၅။ | ကရင်ပြည်နယ် | လယ်ယာ | ရာဘာလုပ်ငန်း | ရန်ကုန်၊ မန္တလေး | ဂျပန်၊ ကိုရီးယား |
| ၆။ | မန္တလေးတိုင်းဒေသကြီး | ဝန်ဆောင်မှု | ခရီးသွားများအပေါ် မှီခိုသောလုပ်ငန်းများ | | |
| ၇။ | မွန်ပြည်နယ် | လယ်ယာ | ရာဘာလုပ်ငန်း | မန္တလေး | တရုတ်၊ စင်ကာပူ |
| ၈။ | ရန်ကုန်တိုင်းဒေသကြီး | ဝန်ဆောင်မှု | အထည်လုပ်ငန်း၊ စာသောက်ဆိုင်လုပ်ငန်း၊ ဈေးဝယ်စင်တာများ၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း | မန္တလေး၊ ကလေး၊ နမ့်ဆန်၊ တောင်ကြီး၊ မေမြို့၊ မုံရွာ၊ မြန်မာပြည်အောက်ပိုင်း | အရှေ့တောင်အာရှနိုင်ငံများ နှင့် ဂျပန်၊ အိန္ဒိယ |
| ၉။ | ရှမ်းပြည်နယ် | လယ်ယာ | လက်ဖက်လုပ်ငန်း၊ ကော်ဖီလုပ်ငန်း | မန္တလေး၊ မုံရွာ၊ တောင်ငူ၊ ရန်ကုန် | တရုတ်၊ အမေရိကန်၊ ဂျာမနီ၊ စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ ကိုးရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်၊ ထိုင်း၊ ဗြိတိန် |

မှတ်ချက်။ ။ အဆိုပါလုပ်ငန်းများ၏ ပြည်တွင်းပြည်ပ ဈေးကွက်အခြေပြုနေရာများမှာ အင်တာဗျူးအဖြေများပေါ်မူတည်၍ ဖော်ပြထားခြင်းဖြစ်ပါသည်။

# ၁။ ကိုဗစ်လှိုင်းများအကြောင်း အကျဉ်းချုပ်လေ့လာခြင်း

မတ်လ ၁၁ရက်နေ့၊ ၂၀၂၀ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ပြီးနောက် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်မှု များပြုလုပ်ခဲ့ပါသည်။ မတ်လ ၂၃ရက်နေ့တွင် ပြည်ပမှ ပြန်လာသူ ၂ဦးထံမှ ကိုဗစ်ရောဂါ တွေ့ရှိပြီးနောက် မြန်မာနိုင်ငံတွင် ကိုဗစ်ကပ်ရောဂါ ပထမလှိုင်းစတင်ခဲ့ပါသည်။ ကိုဗစ် ပထမလှိုင်းတွင် ကူးစက်ပျံ့နှံ့မှုနှုန်းမှာ သိသာစွာ တိုးတက်မလာသည့်အတွက် အစိုးရအနေဖြင့် ကောင်းစွာထိန်းချုပ်နိုင်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ဩဂုတ်လ ဒုတိယအပတ်တွင် မြန်မာနိုင်ငံ၏ ကိုဗစ်ဒုတိယလှိုင်း စတင်ခဲ့ပါပြီး ဤတစ်ကြိမ် သက်ရောက်မှုမှာမူ ပထမအကြိမ်ထက် ပိုမိုသက်ရောက်ခဲ့ပါသည်။

အစိုးရအနေဖြင့် ကိုဗစ်ကပ်ရောဂါ၏ သက်ရောက်မှုကို တုံ့ပြန်ရန်အတွက် "အားလုံးတစ်ပေါင်းတည်း ကျော်လွှားခြင်း **COVID-19** စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် **(Overcoming as One: COVID-19 Economic Relief Plan-CERP)** ကို ဧပြီလ ၂၇ ရက်နေ့၊ ၂၀၂၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ရေတိုကာလစီမံချက်အနေဖြင့် ကိုဗစ်ကပ်ရောဂါ၏ သက်ရောက်မှုကို ကာကွယ်ရန် ကြိုးစားခဲ့ပါသည်။ အစိုးရအနေဖြင့် ကာလလတ်အတွက် **Myanmar Economic Resillence and Reform Plan** ကိုရေးဆွဲလျက်ရှိသည်။ ကိုဗစ်စတင်ဖြစ်ချိန်မှစ၍ ဒီဇင်ဘာလ ၂၀၂၀ ခုနှစ်အထိ **COVID-19** ကြောင့် ဖြစ်ပေါ်သည့် သက်ရောက်မှုများ ကုစားနိုင်ရန် နိုင်ငံတော်က ကျပ်ဘီလျံ ၃,၀၀၀ နီးပါးသုံးစွဲခဲ့ပြီး အခြားလျှော့ပေါ့သက်သာပေးမှုများကိုပါ ထည့်သွင်းတွက်ချက်ပါက ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်း **(GDP)** ၏ လေးရာခိုင်နှုန်းခန့် ကျခံသုံးစွဲထားသည်။

# ၂။ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုနှင့် သက်ရောက်မှုများ

## ၂.၁ ဧရာဝတီတိုင်းဒေသကြီး

### ၂.၁.၁ ဧရာဝတီတိုင်းဒေသကြီးရှိ ဆန်စက်လုပ်ငန်းများ အပေါ် ထိခိုက်မှု

ဧရာဝတီတိုင်းဒေသကြီး၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန်များကို အဓိက ဝယ်ယူနေသည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ရာ ကိုဗစ်ကပ်ရောဂါကြောင့် တရုတ်နိုင်ငံမှ မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များကို ဝယ်ယူရန် ရုတ်တရက်တုံ့ဆိုင်းသွားသော အခြေအနေသည် ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍကို ကြီးမားစွာ သက်ရောက်မှုရှိခဲ့သည်။ အထူးသဖြင့် ပြည်တွင်းရောင်းလိုအား ပိုလျှံနေချိန်တွင် ပြည်ပဝယ်လိုအား ရပ်တန့်သွားခြင်းကြောင့် ဆန်စပါးကဏ္ဍမှာ ပို၍ သက်ရောက်မှု များခဲ့ခြင်းဖြစ်သည်။ အဆိုပါသက်ရောက်မှုကို ဧရာဝတီတိုင်းဒေသကြီးရှိ ဆန်စက်နှင့်ပွဲရုံများတွင် သုတေသန ပြုလုပ်ခဲ့သည်။

**ပထမဦးဆုံး ကပ်ရောဂါ၏ သက်ရောက်မှုကို ခံစားရသူများမှာ အလုပ်သမားများဖြစ်သည်။** ဖြေဆိုသူများထဲတွင် အလုပ်သမားထက်ဝက်ကျော်ကိုသာ ကိုဗစ်ကာလတွင် ထပ်မံ ငှားနိုင်သည့် အခြေအနေကို တွေ့ရသည်။

**ဒုတိယသက်ရောက်မှုမှာ ဝယ်လိုအား လျော့နည်း သွားခြင်းဖြစ်သည်။ ပြည်တွင်း၊ ပြည်ပတွင်ဝယ်လိုအား ကျဆင်းမှုကြောင့်ကုန်စည်ပိုလျှံမှုများဖြစ်လာသလို၊ ငွေလည်ပတ်မှုမှာလည်း ကျပ်တည်းသွားသည်။** အဆိုပါ အကျပ်အတည်းကြောင့်စက်ရုံပိတ်သိမ်းမှုများလည်းရှိသည်။အခြေခံကုန်စည်များဖြစ်သည့်အတွက် ပြည်တွင်း ဝယ်လိုအားမလျော့ကျနိုင်ဟု စစ်တမ်းပါ စီးပွားရေးလုပ်ငန်းရှင်များမှ တွက်ဆသော်လည်း ရန်ကုန်တိုင်းဒေသကြီး၏ဝယ်လိုအားလျော့နည်းသွားသောကြောင့် ခန့်မှန်းသည်ထက်ပို၍ ထိခိုက်ခဲ့သည်။ ရန်ကုန်မှာ ကပ်ရောဂါ ကူးစက်မှုတွင် နိုင်ငံလုံးအတိုင်းအတာအရ အပြင်းထန်ဆုံးနေရာတွင် ရှိနေပြီး၊ နိုင်ငံ့ စုစုပေါင်း ဝယ်လိုအား၏ ထက်ဝက်ကျော်မျှရှိနေခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး၏ ဝယ်လိုအားကျဆင်းမှုသည် အခြားတိုင်းဒေသကြီးများ၏ ပြည်တွင်းစီးပွားရေးများကိုပါ ထိခိုက်ခဲ့သည်ကိုတွေ့ရပါသည်။

**တတိယသက်ရောက်မှုမှာ ဝယ်လိုအားကျ၍ ငွေမလည်ခြင်းကြောင့် ဆန်စက်လုပ်ငန်းရှင်များ ငွေကျပ်နေခြင်းကို ကြုံတွေ့ခဲ့ရသည်။** ကိုဗစ်ကပ်ရောဂါကြောင့် အရောင်းအဝယ် စီးဆင်းမှု လျော့ကျခြင်း၊ ငွေကြေးလည်ပတ်မှုများ နှေးကွေးခြင်းနှင့် ကုန်ကြမ်းရရှိမှု နှောင့်နှေးခြင်းတို့ကြောင့် ဆန်စက်လုပ်ငန်းများသည် ပုံမှန် အတိုင်းလည်ပတ်ရန် ရုန်းကန်နေရလျက်ရှိသည်။ လုပ်ငန်းရှင် အနည်းငယ်ကသာ အစိုးရ၏ ကိုဗစ်ချေးငွေကို ရရှိခဲ့သည်ဟု ဆိုပါသည်။

Box 1

"ခုဆိုရင်ဆန်စက်က တစ်ခြမ်းပဲလည်နေရတယ် နေ့လည်ညလည်ပေါ့၊ ဒီလိုပဲ အလုပ်သမားထိန်းနေရတာပေါ့ အရောင်းအဝယ်ကတော့တအားအေးတယ်။" (ရောဝတီတိုင်းဒေသကြီးရှိ ဆန်စက်လုပ်ငန်းရှင်)

Box 2


"ခုနက ဆက်ပြီးလည်မပတ်တော့တဲ့ လုပ်ငန်းတွေထဲမှာ ကိုဗစ်ကြောင့် ဈေးကွက်ကျသွားတာကြောင့်မကိုက်တော့လို့ပိတ်လိုက်တာတွေလဲရှိတယ်ပေါ့နော်။" (ရောဝတီတိုင်းဒေသကြီးရှိ ဆန်စက်လုပ်ငန်းရှင်)

Box 3

"*COVID-19* ချိန်မှာဆို အိတ်ထဲက စိုက်ရတာများတယ်။" (ရောဝတီတိုင်းဒေသကြီးရှိ ဆန်စက်လုပ်ငန်းရှင်)

ပုံ ၁၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့ ဧရာဝတီတိုင်းဒေသကြီး၏ထုတ်ကုန် စီးဆင်းမှုပြပုံ

**ဧရာဝတီတိုင်းဒေသကြီး**




Inya Economics
@2020 Inya Economics
Private Sector Development Program

## ၂.၂ ပဲခူးတိုင်းဒေသကြီး

### ၂.၂.၁ ပဲခူးတိုင်းဒေသကြီးရှိ ပဲလုပ်ငန်းများအပေါ်ထိခိုက်မှု


ပဲလုပ်ငန်းသည် ပဲခူးတိုင်းဒေသကြီးတွင် အဓိကလုပ်ကိုင်နေသော လုပ်ငန်းများထဲမှ တစ်ခုဖြစ်ပါ သည်။ ပြည်ပသို့တင်ပို့ရောင်းချမှုများကြောင့် ပဲလုပ်ငန်းရှင်များအား ဝင်ငွေများစွာ ရရှိစေခဲ့သောလုပ်ငန်း ဖြစ်ပါသည်။ သို့သော် ယခုအခါ ကိုဗစ်ကပ်ရောဂါကြောင့် ရောင်းချရန်ပဲများရှိနေသော်လည်း ပြည်ပဈေးကွက် များသို့ ဆက်လက်တင်ပို့ရောင်းချနိုင်ခြင်းများ မလုပ်ဆောင်နိုင်တော့ပါ။ ထို့ကြောင့် ထိုဒေသရှိ ပဲလုပ်ငန်း လုပ်ကိုင်သူများအပေါ် ကိုဗစ်ကပ်ရောဂါ၏ သက်ရောက်မှုများကို သုတေသနပြုလုပ်ခဲ့ပါသည်။

**လမ်းပန်းဆက်သွယ်ရေးများ ပိတ်ပင်ထားခြင်းကြောင့် ပဲလုပ်ငန်းရှင်များသည် ပြည်ပဈေးကွက် ပျက် သွားခြင်းနှင့် ကြုံနေရပါသည်။** အဓိကအားဖြင့် ကုလားပဲကို ရခိုင်ပြည်နယ်ဘက်သို့ တင်ပို့ကြရပြီး ထိုမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ကြခြင်း ဖြစ်ပါသည်။ ယခုအခါ အစိုးရမှ ကပ်ရောဂါအား ထိန်းချုပ်နိုင်ရန် ရည်ရွယ်လျက် နယ်စပ်ဖြတ်သန်းခွင့်များကို ယာယီတားမြစ်ထားသည်ဖြစ်ရာ ပြည်ပမှဝင်ငွေစီးဆင်းမှုများ ရပ်တန့်သွားပါသည်။ ထို့ကြောင့် ပဲလုပ်ငန်းရှင်များအနေဖြင့် ဝင်ငွေလျော့နည်းသွားခြင်းများကို ရင်ဆိုင်နေရပါသည်။

> Box 4
> “ကုန်ကြမ်းကအားကောင်းလာပေမဲ့ ဝယ်လိုအားကကျသွားတော့ မကောင်းဘူးတော့ဖြစ်သွားတာပေါ့” (ပဲခူးတိုင်းဒေသကြီးရှိ ပဲပွဲရုံလုပ်ငန်းရှင်)

ပုံ ၂၊ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များသို့ ပဲခူးတိုင်းဒေသကြီး၏ ထုတ်ကုန်စီးဆင်းမှုပြပုံ

**ပဲခူးတိုင်းဒေသကြီး**




Inya Economics

@2020 Inya Economics

Private Sector Development Program

## ၂.၂.၂ ပဲခူးတိုင်းဒေသကြီးရှိ ကြံလုပ်ငန်းများအပေါ်ထိခိုက်မှု

ပဲခူးတိုင်းဒေသကြီးရှိ ဒေသအချို့တွင် ကြံစိုက်ပျိုးခြင်းနှင့် သကြားထုတ်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင် လျက်ရှိသောလည်း ထိုင်းနိုင်ငံဘက်မှ သကြားများသည် မြန်မာ့ဈေးကွက်အတွင်း၌ ထိုးဖောက်နေရာယူ ထားရာ မြန်မာ့သကြားသည် ပြည်တွင်းဈေးကွက်တွင် ဈေးမတည်ငြိမ်မှုများ ကြုံရလေ့ရှိပါသည်။ အထူးသဖြင့် ကြံလုပ်ငန်း ရှင်များသည် ဈေးနှုန်းကျဆင်းမှုများကို မကြာခဏကြုံတွေ့ရပါသည်။ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဝယ်လိုအားမှာ မူလထပ် ထပ်မံကျဆင်းသွားပြန်ပါသည်။ ထို့ကြောင့် ကိုဗစ်ကပ်ရောဂါ၏ သက်ရောက်မှုများအားသိနိုင်ရန် ပဲခူးတိုင်းဒေသကြီးရှိ ကြံလုပ်ငန်းရှင်များအား သုတေသနပြုလုပ်ခဲ့ပါသည်။

**ကိုဗစ်ကပ်ရောဂါကြောင့် သကြားနှင့် ဆက်စပ်သည့် စားသောက်ကုန်လုပ်ငန်းများ လည်ပတ်မှု တုံ့ဆိုင်း သွားခြင်းသည် သကြားထုတ်လုပ်သည့် ကြံလုပ်ငန်းရှင်များအပေါ် အကြပ်အတည်း ဖြစ်စေခဲ့ပါသည်။** ထို့ကြောင့် သကြားစက်ရုံများက ဈေးနိမ့်၍ ကြံလုပ်ငန်းရှင်များဆီမှ ဝယ်ယူကြရာ ကြံလုပ်ငန်းရှင်များအတွက် စိုက်ပျိုး ထားသော ကုန်ကျစရိတ်များနှင့် တွက်ချေမကိုက်မှုများ ကြုံတွေ့လာရပါသည်။ ထို့အပြင် ကျန်ရှိနေသေးသော ကြံများအား ဆက်လက်ရောင်းချရန်အတွက်လည်း ဝယ်ယူမည့်စက်ရုံများဘက်မှ ယခုအချိန်ထိ တိတိကျကျ ဈေးနှုန်းသတ်မှတ်မှုမရှိခြင်းကြောင့် စိုးရိမ်ပူပန်ပူမှု များရှိနေရပါသည်။

Box 5

*“COVID-19* ဖြစ်တဲ့အခါမှာ *restaurant* တွေကရပ်သွားတယ် ကျွန်တော်တို့ရဲ့ကုန်ကြမ်းကိုလည်း စက်ရုံကနေ ဈေးလျှော့ဝယ်တယ် ကျွန်တော်တို့စိုက်တဲ့စရိတ်နဲ့မကာမိဘူး ပေါ့ဗျာ” (ပဲခူးတိုင်းဒေသကြီးရှိ စိုက်ပျိုးရေး company ပိုင်ရှင်)


**ကိုဗစ်ကပ်ရောဂါကြောင့် ကြံလုပ်ငန်းရှိ အလုပ်သမားအချို့ အလုပ်လက်မဲ့ဖြစ်သွားရပါသည်။** နိုင်ငံတော်၏ အမိန့်အတိုင်း လူစုလူဝေးမဖြစ်စေရန် လုပ်ငန်းရှင်များမှ အလုပ်သမားလျှော့ချခြင်းများ ပြုလုပ်ရပါသည်။ တစ်ဖက်တွင် အလုပ်သမားများနည်းသွားခြင်းကြောင့် လုပ်ငန်းများ တွင်ကျယ်စွာ မလည်ပတ်နိုင်ခြင်းနှင့် ရင်ဆိုင် နေရပါသည်။ ထို့အပြင် ၎င်းသီးနှံအမျိုးအစားသည် တစ်နှစ်ပတ်လုံး လုပ်ကိုင်၍ရသော သီးနှံမျိုး မဟုတ်သည့် အတွက် စိုက်ပျိုးရိတ်သိမ်းရမည့် အချိန်အခါနှင့်အညီ လုပ်ကိုင်ရပါသည်။ ထို့ကြောင့် **လုပ်ငန်းရှင်များအနေဖြင့် အလုပ်သမားအလုံအလောက် မရှိသည့် အကြပ်အတည်းများနှင့် ကြုံတွေ့နေရပါသည်။**

Box 6

"အလုပ်သမားတွေကနားတာတွေရှိတော့ အခက်အခဲရှိတယ်။ ရာသီချိန်ပေါ် မူတည်ရတဲ့အလုပ်ဖြစ်တော့ ရောဂါတွေကြောင့် အလုပ်သမားအခက်အခဲတွေရှိလာတယ်" (ပဲခူးတိုင်းဒေသကြီးရှိ စိုက်ပျိုးရေး company ပိုင်ရှင်)

## ၂.၃ မကွေးတိုင်းဒေသကြီး

ပုံ ၃၊ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များသို့ မကွေးတိုင်းဒေသကြီး၏ ထုတ်ကုန်စီးဆင်းမှုပြပုံ



## ၂.၃.၁ မကွေးတိုင်းဒေသကြီးရှိ ပဲနှင့်ဆီထွက်သီးနှံလုပ်ငန်းများအပေါ်ထိခိုက်မှု

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု ပင် ပြောစမှတ်ပြုထားရသော ဒေသတစ်ခု ဖြစ်ရ လောက်အောင် ပင် နှမ်း၊ မြေပဲကဲ့သို့သော သီးနှံများဖြစ်ထွန်းရာ အရပ်ဖြစ် ပါသည်။ ပဲနှင့်ဆီထွက် သီးနှံများသည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်နှစ်ခုစလုံး၌ တွင်ကျယ်လျက်ရှိပြီး ၎င်းသီးနှံများကို အဓိကအားဖြင့် တရုတ်၊ ဂျပန်နှင့် အိန္ဒိယတို့အား တင်ပို့လျက်ရှိခဲ့ ပါသည်။ သို့သော် ယခုအခါ ကိုဗစ်ကပ်ရောဂါကြောင့် ပြည်ပ ဈေးကွက်များ ကျဆင်း လျက်ရှိရာ ဤလုပ်ငန်းလုပ်ကိုင်သူများ ရင်ဆိုင်လာရသော အခက်အခဲများကို သိရှိနိုင်ရန် သုတေသနတစ် ခု ပြုလုပ်ခဲ့ပါသည်။

Box 7
“လမ်းတွေပိတ်ဆို့ထားတာတွေရှိတော့ မ ထွက်ရရင်ဈေးနှုန်းကကျမှာပဲလေ”
(မကွေးတိုင်းဒေသကြီးရှိ မြေပဲစိုက်ပျိုး ရောင်းချသူ)

**ကိုဗစ်ကပ်ရောဂါကြောင့် ပြည်ပဈေးကွက်များ ရုတ်တရပ် ရပ်တန့်သွားရပြီး ပဲနှင့်ဆီထွက်သီးနှံလုပ်ငန်း ရှင်များသည် သီးနှံ ဈေးနှုန်းကျဆင်းမှုဒဏ်ကို ခံနေရပါသည်။** ကပ်ရောဂါကြောင့် ပြည်ပတင်ပို့ရသည့် လမ်းကြောင်း များအား ဖြတ်သန်းခွင့်များ ပိတ်ထားသဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိ တော့ပါ။ ဝယ်လိုအား လျော့နည်းသွားခြင်းကြောင့် ဈေးနှုန်းများ လည်း သိသိသာသာကျဆင်းသွားရပါသည်။ ကိုဗစ်ဖြစ်ပွား သောအခါ ဈေးနှုန်းများသည် ပေါက်ဈေးထက် ကျပ်တစ်သောင်း ကျော် နှစ်သောင်းနီးပါးခန့် ကျဆင်းသွားခဲ့ပါသည်။ သီးနှံ ဝယ်ယူ သူများသည်လည်း ဈေးနှုန်းကြောင့် တွန့်ဆုတ်နေကြသကဲ့သို့ ရောင်းချသူများသည်လည်း ဈေးနှုန်း ကွာဟမှု များကြောင့် ဆက်လက်မရောင်းချနိုင်တော့သည်အထိ ရောက်ရှိခဲ့ပါသည်။

Box 8
“ပြည်တွင်းအဝယ်ကတော့ရှိတယ် ခေါင်းပုံဖြတ်တာခံရတာပါ”
(မကွေးတိုင်းဒေသကြီးရှိ မြန်မာနှမ်း စိုက်တောင်သူများအသင်းမှ တာဝန်ရှိ သူတစ်ဦး)

**ဈေးနှုန်းများကျသွားခြင်းကြောင့် တောင်သူများသည် ပြည်တွင်းကုန်သည်များ၏ အမြတ်ကြီးစားမှုကိုခံနေရပါသည်။** တောင်သူများအနေဖြင့် မူလကတည်းက ခေါင်းပုံဖြတ်ခြင်း ခံလာ ရသဖြင့် အကြပ်အတည်းများ ကြုံတွေ့နေရသည့်အချိန်တွင် ယခုကဲ့သို့ မမျှော်လင့်သည့် ကမ္ဘာ့ကပ်ဆိုးတစ်ခုကိုပါ ခါးစည်း ခံရလာချိန်တွင် မူလကထက်ပင် ပိုမိုကြပ်တည်းလာသည်ကို တွေ့ ရှိရပါသည်။

## ၂.၃.၂ မကွေးတိုင်းဒေသကြီး ကြက်သွန်လုပ်ငန်းများအပေါ်ထိခိုက်မှု

မကွေးတိုင်းဒေသကြီးရှိ ကြက်သွန်လုပ်ငန်းသည် တွင်ကျယ်စွာ လုပ်ကိုင်နေသော လုပ်ငန်းများထဲမှ တစ်ခုဖြစ်ပါသည်။ သီးနှံများထဲတွင် ရာသီဥတုအပေါ်မှီခိုမှုနည်းပါးပြီး ရေလုံလုံလောက်လောက် ရှိရုံမျှဖြင့် စိုက် ပျိုးနိုင်သော သီးနှံတစ်မျိုးလည်းဖြစ်ပါသည်။ ဈေးနှုန်းတည်ငြိမ်ခြင်းမရှိဘဲ ဈေးနှုန်းအတက်အကျ အပြောင်းအလဲများကို မကြာခဏကြုံတွေ့နေရသောသီးနှံလည်းဖြစ်ပါသည်။ ပြည်ပဈေးကွက်အဖြစ် တရုတ်၊ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်တို့မှဝယ်ယူလျက်ရှိပါသည်။ ယခုအခါ ပြည်ပဈေးကွက်များ ပျက်သွားရပါသည့် ကြက်သွန်လုပ်ငန်းအပေါ် ကပ်ရောဂါ၏သက်ရောက်မှုကို လေ့လာနိုင်ရန် သုတေသနပြုလုပ်ခဲ့ပါသည်။

**ကပ်ရောဂါကြောင့် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချရာတွင် အခက်အခဲများရှိလာသဖြင့် တောင်သူများနှင့် ကုန်သည်များ ထိခိုက်နစ်နာခဲ့ရပါသည်။** ပြည်ပဈေးကွက် ရပ်တန့်သွားသောအခါ အရောင်းအဝယ်များ ပါးသွားကြပါသည်။ ပြည်တွင်း၌ ဈေးကွက် ရပ်တန့်မသွားသော်လည်း နေရာဒေသအချို့အား လမ်းပန်းဆက်သွယ်ရေး ပိတ်ပင် ထားမှု အချို့ကြောင့် ဆက်လက်မ တင်ပို့နိုင်ကြတော့ပါ။ ထို့အပြင် ပြည်တွင်း၌ အလှူပွဲကဲ့သို့သော ပွဲလမ်းသဘင် များအား ကျင်းပခွင့်ကို ယာယီပိတ်ပင်ထားရသောကြောင့် ကြက်သွန်အရောင်းအဝယ်များ ပိုမိုနည်းပါးသွား ရပါသည်။ ထို့ကြောင့် ဈေးကွက်အတွင်း၌ ကုန်စည်ပိုလျှံမှုများ ဖြစ်လာပြီး ဈေးနှုန်းများ ကျဆင်းသွားခဲ့ပါသည်။ ဈေးနှုန်းများသည် မူလရှိသင့်သည့် ဈေးထက် ထက်ဝက်ခန့် ကျဆင်းခဲ့ပါသည်။


Box 9

"နိုင်ငံခြားက သိပ်မသွင်းတော့ ဈေးကျလာတယ်ထင်တယ် ဒီအချိန်ဆို ၇၀၀ ကျပ် ၈၀၀ ကျပ်လောက်တော့ရောင်းရမဲ့ဟာကို အခု ၄၀၀ ကျပ်ပဲဆိုတော့ တစ်ဝက်လောက်ကျနေတာပေါ့ ပြည်တွင်းအဝယ်လဲကျတယ်"

(မကွေးတိုင်းဒေသကြီးရှိ ကြက်သွန်ပွဲရုံ လုပ်ငန်းရှင်)

## ၂.၄ ချင်းပြည်နယ်

ပုံ ၄၊ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များသို့ ချင်းပြည်နယ်၏ ထုတ်ကုန်စီးဆင်းမှုပြပုံ



## ၂.၄.၁ ချင်းပြည်နယ် ဝဥကုန်သည်လုပ်ငန်းများအပေါ် ထိခိုက်မှု

ချင်းပြည်နယ်တွင် ဝဥစိုက်ပျိုးရေးလုပ်ငန်းမှ ၁ အဓိက လုပ်ငန်းတစ်ခုအဖြစ်ပင် ယခုနောက်ပိုင်းတွင် တွင်ကျယ်လာခဲ့ သည်။ ထို့အပြင် ချင်းပြည်နယ်မှ ဝဥများကို အဓိကဝယ်ယူနေသော နိုင်ငံမှာ တရုတ်နိုင်ငံ ဖြစ်သည့်အတွက် ကိုဗစ်ကပ်ရောဂါကြောင့် တရုတ်နိုင်ငံမှ မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များကို ဝယ်ယူရန် ရုတ်တရက် ရပ်ဆိုင်းသွားသော အခြေအနေတွင် အဆိုပါလုပ်ငန်း များရှိ တိုင်းရင်းသားလုပ်သားများနှင့် ချင်းပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍကို ကြီးမားစွာ သက်ရောက်မှုရှိခဲ့သည်။ အဆိုပါ သက်ရောက်မှုကို ချင်းပြည်နယ်ရှိ ဝဥကုန်သည် လုပ်ငန်းရှင်များကို သုတေသနပြုလုပ်ခဲ့သည်။

**ပထမဦးဆုံး သက်ရောက်မှုမှာ ဝဥကုန်သည်များထံတွင် ကုန်စည်ပိုလျှံမှုနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်သည်။** ကိုဗစ်ကပ် ရောဂါကြောင့် နယ်စပ်ဖြတ်သန်းခွင့်ကို ကန့်သတ်ချက်များ ပြုလုပ် ထားသဖြင့် တရုတ်နိုင်ငံသို့ ရောင်းနိုင်စွမ်းအားကျဆင်းသွားခဲ့ သည်။ ထိုအကျိုးဆက်ကြောင့် ပြည်တွင်း ဝဥကုန်သည်များထံတွင် ကုန်စည်စီးဆင်းမှု မရှိဘဲ၊သီးနှံများသည် ကြာရှည်ခံသည့် ကုန်စည် မဟုတ်သည့်အတွက် ယခုကဲ့သို့ ကုန်စည်ရောင်းဝယ်မှုများ ရပ်တန့် သွားသည့်အခါ လုပ်အား၊ ငွေအားစသည့် အရင်းအမြစ်များဆုံးရှုံးမှု များကို ကြုံတွေ့ခဲ့ရပါသည်။

**ဒုတိယအနေဖြင့် ကပ်ရောဂါ၏ သက်ရောက်မှုကို ခံစားရ သူများမှာ အလုပ်သမားများ ဖြစ်သည်။** စိုက်ပျိုးရေးခြံပိုင်ရှင် များသည် ဝယ်လိုအားကျဆင်းမှုဒဏ်ကြောင့် ဝင်ငွေစီးဆင်းမှုနည်း လာသဖြင့် အလုပ်သမားများကို လျှော့ချခဲ့ရသည်။

**တတိယ သက်ရောက်မှုမှာ ဝယ်လိုအား ကျဆင်းခြင်းကြော င့်ဝဥဈေးနှုန်းများ အဆမတန် ကျဆင်းမှုဖြစ်ပေါ်လာပြီး ဝဥ ကုန်သည်ပွဲစားများတွင် ဆုံးရှုံးမှုများဖြစ်ပေါ်လာသည်။** နောက်ပိုင်း တွင် ကပ်ရောဂါကြောင့် တရုတ်နိုင်ငံမှ စက်ရုံများ မလည်ပတ်တော့ ပါက ဝဥ ဝယ်လိုအားလုံးဝမရှိတော့သဖြင့် ဝဥ စိုက်ပျိုးရေးလုပ် သူများပါ အကျပ်အတည်းကို ရင်ဆိုင်လာရနိုင်သည်။

Box 10

"လမ်းပန်းဆက်သွယ်ရေးတို့၊ တစ်ချို့ တလေဆို အဝင်မခံတာ လမ်းပိတ် တာတွေရှိတယ်။ ရှိပြီးသားပစ္စည်း တွေလည်း ရောင်းမထွက်လို့ ပျက်စီး သွားတာလည်း ရှိတယ်။..." (ဝဥ ကုန်သည်လုပ်ငန်းရှင်)

Box 11

"ဝင်ငွေနည်းသွားတော့ လုပ်သား တွေ ဘာတွေ ကောင်းကောင်းမငှါး နိုင်တော့ဘူး။" (ဝဥ စိုက်ပျိုးရေး ခြံလုပ်ငန်းရှင်)

Box 12

" ကိုဗစ်လဲဖြစ်ရော ဖြစ်ရော ဈေးက ပြန်ကျသွားတယ် ပြန်ကျသွားတာမှာ နောက်ဆုံးမှာ ၁၅၀၀ လောက်အထိ ဖြစ်သွားတယ် ဒါကတော့ ထူးခြား ဖြစ်စဉ်လို့ပြောရမှာပေါ့နော်" (ဝဥ ကုန်သည်လုပ်ငန်းရှင်)

## ၂.၄.၂ ချင်းပြည်နယ်ရှိ ဟိုတယ်လုပ်ငန်းများအပေါ် ထိခိုက်မှု

ချင်းပြည်နယ်သည် ယခင်က သွားလာရေးခက်ခဲသည့် ဒေသဖြစ်သော်လည်း ယခုအခါ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာသဖြင့် ခရီးသွားလာရေးလုပ်ငန်းမှာ ဖွံ့ဖြိုးလာခဲ့သည်။ ချင်းပြည်နယ်သို့ လာရောက်လည်ပတ်သူများမှာ ပြည်တွင်းမှ ခရီးသွားလာသူများ၊ တောင်တက်အဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာကျောင်းများမှ ဆရာနှင့်ကျောင်းသားများအပြင် ပြည်ပနိုင်ငံများမှလည်း ခရီးသွားလှည့်လည်သူများစသဖြင့် နှစ်စဉ် တိုးတက်လာခဲ့သည်။ ယခုအခါ ကိုဗစ်ကပ်ရောဂါကြောင့် အစိုးရမှ အသွားအလာများ ကန့်သတ်ထားသဖြင့် ချင်းပြည်နယ်၏ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍအပေါ် ကြီးမားစွာ သက်ရောက်မှုရှိခဲ့သည်။ အဆိုပါ သက်ရောက်မှုကို သိရှိနိုင်ရန် သုတေသနပြုလုပ်ခဲ့သည်။

**ပထမဦးဆုံး သက်ရောက်မှုမှာ ကိုဗစ်ရောဂါကြောင့် ခရီးသွားလာမှုများ ကျဆင်းလာသဖြင့် ဟိုတယ်လုပ်ငန်းများ၏ ဝင်ငွေများ လျော့နည်းလာခဲ့သည်။** ကိုဗစ်ကပ်ရောဂါကြောင့် ခရီးအသွားအလာများ ကန့်သတ်ထားသဖြင့် ပြည်တွင်းရော ပြည်ပမှပါ ခရီးသွားလာမှုများ ကျဆင်းခဲ့သည်။ ထိုအကျိုးဆက်ကြောင့် ဟိုတယ်ကြီးများမှာ ငွေကြေးကျပ်တည်းလာသဖြင့် ပုံမှန်အတိုင်း လည်ပတ်နိုင်ရန် ခဲယဉ်းလာခဲ့သည်။ထို့ပြင် အင်တာဗျူးမေးမြန်းမှုမှ ရရှိသည့် အချက်အလက်များအရ လက်ငင်းအကျိုးသက်ရောက်သည့် ထိခိုက်မှုမှာ ခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်ထားသည့် စရိတ်များဖြစ်သည်။

**ကပ်ရောဂါ၏ ဒုတိယသက်ရောက်မှုကြောင့် ဟိုတယ်ဝန်ထမ်းများ အပေါ် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။** ဝင်ငွေလျော့နည်းလာခြင်းနှင့် ခရီးသွားဧည့်သည် နည်းလာခြင်းတို့ကြောင့် ဟိုတယ်လုပ်ငန်းများတွင် ဝန်ထမ်းလျှော့ချခြင်းနှင့် လစာလျှော့ချခြင်းများ ပြုလုပ်ခဲ့ရသည်။ ဝင်ငွေကျဆင်းမှုကြောင့် ဟိုတယ်လုပ်ငန်းရှင်များ သာမက အလုပ်သမားဝန်ထမ်းများ၏ စားဝတ်နေရေးကိုပါ ထိခိုက်လာသည်။

**လတ်တလော ကိုဗစ်ရောဂါအတွင်းတွင် ထိခိုက်ဆုံးရှုံးမှုအနေဖြင့် ဟိုတယ်လုပ်ငန်းများတွင် မသေချာမရေရာသောအနာဂတ်ကို ရင်ဆိုင်နေရသည်။** ဟိုတယ်လုပ်ငန်းရှင်ကြီးများအနေဖြင့် ကိုဗစ်ကပ်ရောဂါကြောင့် အသွားအလာများ ကန့်သတ်ထားသဖြင့်၊ ဟိုတယ်လုပ်ငန်းများ ရပ်နားထားရခြင်း၊ ကိုဗစ်ရောဂါပျံ့ပွါးမှုသည် မည်သည့်အချိန်ကာလအထိ ဆက်လက်ဖြစ်မည်ကို မခန့်မှန်းနိုင်ခြင်း၊ ကိုဗစ်ကပ်ရောဂါအား ထိန်းချုပ်နိုင်သော ကာကွယ်ဆေးအား အသုံးပြုနိုင်သည့် အခြေအနေ နှင့် အသွားအလာ ကန့်သတ်မှုများ မရှိတော့သည့် အချိန်အထိ ဟိုတယ်လုပ်ငန်းများမှာ မည်သို့ရပ်တည်မည် စသဖြင့် ဟိုတယ်လုပ်ငန်းများသည် မသေချာသော အနာဂတ်အတွက် မည်သို့မည်ပုံ ဖြေရှင်းရမည်ကို လမ်းပျောက်နေသည်။

> Box 13
> “ထိခိုက်မှု နံပါတ် ၁ ကတော့ *income* နည်းတယ်။” (ချင်းပြည်နယ် ဟိုတယ်လုပ်ငန်းရှင်)

> Box 14
> “ထိခိုက်မှုဆိုတာကိုယ်ကကိုယ့်ဒေသခံလေးတွေအပေါ်မှာ အလုပ်အကိုင်ရှားပါးတာနဲ့ပက်သက်ပြီးသက်ရောက်မှုရှိတယ်။ လက်ရှိလုပ်နေတဲ့ ဝန်ထမ်းတွေဆိုလည်း လခကို အပြည့်မရဘူး။” (ချင်းပြည်နယ် ဟိုတယ်လုပ်ငန်းရှင်)

## ၂.၅.၁ ကရင်ပြည်နယ်
### ၂.၅.၁ ကရင်ပြည်နယ် ရာဘာလုပ်ငန်းများအပေါ်သက်ရောက်မှု

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရာဘာစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု အများဆုံး ပြည်နယ်တစ်ခုတွင် ပါဝင်သည်။ မြန်မာနိုင်ငံအနှံ့မှ ထွက်သော ရာဘာ၏ ၈ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်းထုတ်လုပ်မှုအတွက် အသုံးပြုပြီး အများစုကို တရုတ်ပြည်သို့ တင်ပို့လျက်ရှိသည်။ အချို့သော အရည်အသွေး ကောင်းမွန်သော၊ သတ်မှတ်စံနှုန်း ပြည့်မီသော ရာဘာများကိုသာ ဂျပန်နိုင်ငံမှ ဝယ်ယူသည်။ ကိုဗစ်ကပ်ရောဂါဖြစ်ပွါးချိန်တွင် ပြည်ပမှ မြန်မာနိုင်ငံ၏ ရာဘာကို ဝယ်လိုအားကျဆင်းသွားသည်။ ကိုဗစ်ကပ်ရောဂါ ကာလအတွင်း ရာဘာလုပ်ငန်းများအပေါ် သက်ရောက်မှုကို ကရင်ပြည်နယ်ရှိ ရာဘာလုပ်ငန်းရှင် အချို့ကို သုတေသနပြုလုပ်ခဲ့သည်။


**ပထမသက်ရောက်မှုမှာ ကပ်ရောဂါပိုးတွေ့နှုန်းအခြေအနေကြောင့် ရာဘာကုန်စည်များရောင်းမထွက်ဘဲ ကုန်စည်ပိုလျှံမှုများကို ကြုံတွေ့နေရသည်။** ပြည်ပမှ ရာဘာစက်ရုံအချို့ ပိတ်လိုက်ရသဖြင့် ဝယ်လိုအား မရှိတော့သောကြောင့် ရာဘာအရောင်းအဝယ်နှင့် ကုန်သွယ်ရေးမှာ လျော့နည်းသွားခဲ့သည်။ ထို့ကြောင့် ရာဘာခြံပိုင်ရှင်များနှင့် ရာဘာကုန်သည် ပွဲစားများထံတွင် ကုန်စည်များ ရောင်းမထွက်ဘဲ ပိုလျှံနေသည်။

**ဒုတိယ သက်ရောက်မှုမှာ မြန်မာနိုင်ငံမှ ရာဘာရောင်းလိုအားများပြီး ပြည်တွင်းပြည်ပမှ ရာဘာ၏ဝယ်လိုအား လျော့နည်းသဖြင့် ရာဘာဈေးနှုန်း ထိုးကျလာခဲ့သည်။** ကိုဗစ်ကပ်ရောဂါကြောင့် အသွားအလာ ကန့်သတ်မှုများ ပြုလုပ်ထားရသဖြင့် ရာဘာစက်ရုံများ ပိတ်ခြင်း၊ နယ်စပ်ဖြတ်သန်းခွင့်ကို ကန့်သတ်ခြင်းများ ပြုလုပ်ထားရသည်။ ထိုအခြေအနေ အခက်အခဲများကြောင့် ရာဘာဝယ်လိုအား မရှိတော့သည့်အပြင် မြန်မာနိုင်ငံမှာလည်း ပိုလျှံနေသော ကုန်စည်များနှင့်အတူ ရာဘာရောင်းလိုအား မြင့်နေသဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားကြား ကွာခြားမှုဖြစ်ပြီး ရာဘာဈေးနှုန်းများ အဆမတန် ထိုးကျသွားသည်။

Box 15
"ကိုဗစ်ကာလ ကြောင့် အရောင်း အဝယ်တွေ အေးတယ်။ စက်ရုံ အလုပ် မလုပ်ဘူး။ ပစ္စည်းတွေ လက်ထဲမှာ ပုံနေတယ်။" (ကရင်ပြည်နယ်ရှိ ရာဘာလုပ်ငန်းရှင်)

Box 16
"အရောင်းနဲ့ ဝယ်လိုအား နိမ့်သွားတာနဲ့ ဈေးကထိုး ဆင်းသွားပြီ။" (ကရင်ပြည်နယ် ရာဘာလုပ်ငန်းရှင်)

ပုံ ၅၊ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များသို့ ကရင်ပြည်နယ်၏ ထုတ်ကုန်စီးဆင်းမှုပြပုံ




## ၂.၆ မန္တလေးတိုင်းဒေသကြီး

### ၂.၆.၁ မန္တလေးတိုင်းဒေသကြီးရှိ ခရီးသွားများအပေါ်မှီခိုအားထားရသောလုပ်ငန်းများ

မန္တလေးတိုင်းဒေသကြီးတွင် ယခုနောက်ပိုင်းနိုင်ငံခြားသားများ လည်ရောက်မှုမြင့်မားလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းများအခြားသော ခရီးသွားများအပေါ် အားထားနေရသောလုပ်ငန်းများ ကျယ်ပြန့်လာသည်ကိုတွေ့ရသည်။ထို့အပြင်မြန်မာနိုင်ငံ၏ဒုတိယစီးပွါးရေးမြို့တော်ဖြစ်သည့်အလျောက်လက်မှုပညာလုပ်ငန်းများ၊ပိုးထည်လုပ်ငန်းများစသည့် အခြားသောစီးပွါးရေးလုပ်ငန်း များကတိုးတက်ဖွံ့ဖိုးလျက်ရှိသည်။ကိုဗစ်ကပ်ရောဂါကြောင့် ပြည်တွင်းပြည်ပ ပို့ဆောင် ဆက်သွယ်ရေးများရပ်ဆိုင်းလိုက်သဖြင့် ခရီးသွားလုပ်ငန်းရှင်များ နှင့် လက်မှုလုပ်ငန်းရှင်များအပေါ်များစွာသက်ရောက်ခဲ့သည်။ အဆိုပါသက်ရောက်မှုကို မန္တလေးတိုင်းရှိ ခရီးသွားလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများကို မေးမြန်းကာသုတေသနပြုလုပ်ခဲ့ကြသည်။

**ပထမဦးဆုံး သက်ရောက်မှုမှာ မန္တလေးတိုင်းသို့ ခရီးသွားခြင်းများ မရှိတော့ခြင်းဖြစ်သည်။** ကိုဗစ်ကပ်ရောဂါကြောင့် နယ်စပ်ဖြတ်သန်းမှုများ၊ ပြည်တွင်း ပြည်ပသွားလာရေးများ ရပ်ဆိုင်းထားသဖြင့် ဖောက်သည်များလျော့နည်းလာရသည်။ထို အကျိုးဆက် ကြောင့် ခရီးသွားလုပ်ငန်းများ လက်မှုလုပ်ငန်းစသည် တို့သည်ရောင်းအားများကျဆင်းရသည်။ထို့ကြောင့်ခရီးသွားများကို အားကိုးအားထားပြုရသောလုပ်ငန်းအများစုသည် စီးပွါးရေးကြပ်တည်းမှုများဖြစ်လာ ရသည်။

Box 17

"ဒီ *COVID* ကြောင့် *Arrival Visa* တွေကို သုံးလပိတ်လိုက်တယ် ပြီးတော့ ကျွန်တော်တို့လုပ်ငန်းက *Foreigner* တွေကို အားထားရတဲ့ ဈေးကွက်ဖြစ်တော့ ရောင်းချမှုတော့ကျတာပေါ့။"
(မန္တလေးတိုင်းဒေသကြီး လက်မှုပညာရှင်)

ထိုကဲ့သို့ စီးပွါးရေးအခက်အခဲများ ကြုံနေရသော်လည်း လုပ်ငန်းရှင်များသည် အခြားသောနည်းလမ်းများဖြင့်ပြည်တွင်းဝယ်လိုအားတတ်လာစေရန် လက်တွေ့ကျသောဖြေရှင်းနည်းများဖြင့် လိုက်လျောညီထွေဖြစ်အောင်ကြိုးစားနေသည်ကိုလဲတွေ့ရသည်။ ကိုဗစ်ကာလာအတွင်း အွန်လိုင်းကုန်စည်ရောင်းဝယ်မှုသည်လည်း အရေးကြီးပေသည်။

**ဒုတိယအနေဖြင့် ကပ်ရောဂါ၏ သက်ရောက်မှုကိုခံစားရသူများမှာ အလုပ်သမားများဖြစ်ကြသည်။** စီးပွါးရေးအကျပ်အတည်း များကြုံလာရသည်နှင့်အမျှ စက်ရုံ၊အလုပ်ရုံများတွင် အလုပ်သမားများလျှော့ချခြင်း၊ လစာများလျှော့ ချခြင်းတို့ ကြောင့် အလုပ်သမားများတို့၏ စားဝတ်နေရေး အခြေအနေ များကြပ်တည်းလာရသည်။ သို့သော် အလုပ်ရှင်များဘက်ကလည်း တတ်နိုင်သလောက်ကူညီထောက်ပံ့ပေးသည်ကို တွေ့ရသည်။

Box 18

*"COVID ကာလကျ tourists* တွေလည်းမလာ ဗမာတွေလည်းမလာ တော့မရောင်းရတော့ဘူးပေါ့မရောင်းရတာ ၅လ ရှိသွားပြီ" (မန္တလေးတိုင်းဒေသကြီး ယွန်းထည်လုပ်ငန်း လုပ်ငန်းရှင်)

Box 19

*"COVID* ကာလဖြစ်တယ် ဒါကခရီးသွားလုပ်ငန်းတွေ လုံးဝရပ်ဆိုင်းသွားတယ် တစ်ကမ္ဘာလုံးဖြစ်တဲ့ ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့လည်း ဘာရောင်းအားမှမရှိဘူး အဲ့ကနေ *Local Market* ကိုသွားမယ်ဆိုပြီး *Local* ကြိုက်ပစ္စည်းလေးတွေ စတင်ထုတ်လုပ်ပါတယ်။ *COVID* ကာလမှာတော့ *online* ပေါ်မှာရောင်းနေကြတယ်ပေါ့။" (မန္တလေးတိုင်းဒေသကြီးယွန်းထည်လုပ်ငန်းလုပ်ငန်းရှင်)


Box 21

*"COVID* ကြောင့်တစ်မြို့လုံးလိုလိုကျပ်တည်းကြတယ် ရက်ကန်းစင်တွေ လည်းတန်းမပေးနိုင်ကြတော့ဘူးဝန်ထမ်းတွေလည်းမပေးနိုင်တော့ဘူး။ *COVID* ရက်က အလုပ်သမားတွေကို ထောက်ပံ့ရတာပေါ့ ကိုယ်တတ်နိုင်တာတွေဝယ်ပေးရတာ ကိုယ်အဆင်မပြေလည်း..." *(မန္တလေးတိုင်းဒေသကြီး ရက်ကန်းလုပ်ငန်းရှင်)*

Box 20

"စက်ရုံက အဓိကထုတ်တာကလည်း မင်္ဂလာဆောင်ပွဲတက်ပုဆိုးတွေပေါ့ *covid* မှာ မင်္ဂလာဆောင်လည်းမလုပ်ရဘူးဆိုတော့ အဲ့တာလျှော့ထားရတာပေါ့။ဆိုင်ဆိုတော့ *design* စုံအောင်တော့ထားရတာပေါ့" (မန္တလေးတိုင်းဒေသကြီး ရက်ကန်းလုပ်ငန်းရှင်)

ပုံ ၆၊ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များသို့ မန္တလေးတိုင်းဒေသကြီး၏ ထုတ်ကုန်စီးဆင်းမှုပြပုံ




Inya Economics
@2020 Inya Economics
Private Sector Development Program

# ၂.၇ မွန်ပြည်နယ်

## ၂.၇.၁ မွန်ပြည်နယ် ရာဘာလုပ်ငန်းများအပေါ် သက်ရောက်မှု

မြန်မာနိုင်ငံတွင် ရာဘာစိုက်ပျိုးမှု အများဆုံး ဒေသမှာ မွန်ပြည်နယ် ဖြစ်သည်။ မြန်မာနိုင်ငံနှင့် အဓိက ကူးသန်းရောင်းဝယ်ရေး လုပ်သောနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ မွန်ပြည်နယ်မှ ရာဘာများကို တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံမှ ရာဘာများသည် သက်တမ်းရှည်ကြာလာခြင်း၊ နည်းပညာ အကူအညီအားနည်းခြင်း တို့ကြောင့် လက်ရှိရာဘာ အရည်အသွေးဖြင့် အခြားသော နိုင်ငံများသို့ တင်ပို့ထိုးဖောက်ရန်မှာ အခက်အခဲ ရှိနေသဖြင့် တရုတ်နိုင်ငံသို့သာ တင်ပို့နေရသည်။ ရာဘာသည် လူမှုအသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရာတွင် မရှိမဖြစ်လိုအပ်သော ပစ္စည်းဖြစ်သည်။ သို့သော် ရာဘာ၏တန်ဖိုးသည် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာ့ဈေးကွက်တွင်ပါ ကျဆင်းနေသည်။ ထို့အပြင် ယခု ကိုဗစ်ကပ်ရောဂါ အခြေအနေကြောင့် မြန်မာနိုင်ငံ၏ ရာဘာလုပ်ငန်းတွင် ကြီးမားသောသက်ရောက်မှုများ ရှိနေသည်။ ထိုသို့ ကိုဗစ်ကာလအတွင်း သက်ရောက်မှုများကို မွန်ပြည်နယ်ရှိ ရာဘာလုပ်ငန်းရှင်အချို့အား သုတေသနပြုလုပ်ခဲ့ပါသည်။

**ပထမဦးဆုံး ကိုဗစ်ကပ်ရောဂါအတွင်း သက်ရောက်မှုမှာ တရုတ်နှင့် မြန်မာနိုင်ငံကြား လမ်းပန်းဆက်သွယ်ရေး ကန့်သတ်ချက်များကြောင့် တရုတ်နိုင်ငံမှ ဝယ်လိုအား လျော့နည်းလာပြီး ရာဘာဈေးနှုန်း ကျဆင်းလာခဲ့သည်။** ယခု ကိုဗစ်ကာလအချိန်တွင် ရာဘာ၏ရောင်းလိုအားမှာ မြင့်တက်နေသော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲ နှင့် ရာဘာစက်ရုံအချို့ လည်ပတ်မှု နားထားခြင်းများကြောင့် ဝယ်လိုအား မရှိတော့သဖြင့် ရာဘာဈေးနှုန်းမှာ ကျဆင်းလာရသည်။

Box 22

“အခုကားတွေဘာတွေ အဝင်အထွက် မရှိဘူးဆိုတော့ တချို့ဝယ်ကို မဝယ်တော့ဘူး တချို့ကဝယ်တော့လည်း ဈေးနှိမ်ပြီးတော့ဝယ်တယ်။”
(မွန်ပြည်နယ် ရာဘာလုပ်ငန်ရှင်)

**ဒုတိယ သက်ရောက်မှုမှာ အချို့သော ရာဘာခြံပိုင်ရှင်များ အနေဖြင့် ကိုဗစ်ကာလအတွင်း ငွေကြေး အခက်အခဲများကြောင့် ရာဘာခြံများ ပိတ်လိုက်ရသည်။** ကိုဗစ်ကာလ အတွင်း ရာဘာ အရောင်းအဝယ် နည်းခြင်း၊ ရာဘာဈေးနှုန်း ကျခြင်း၊ အရောင်းအဝယ် အေးသောကြောင့် သိုလှောင်ထားရသော ကုန်စည် များ ပိုလျှံခြင်းများ ရှိသည်။ ထို့အပြင် ဝင်ငွေလည်ပတ်မှု မရှိတော့ သဖြင့် အလုပ်သမားများအား ဆက်လက် မငှါးနိုင်တော့သဖြင့် အချို့သော ရာဘာခြံပိုင်ရှင်များမှာ ရာဘာခြံအား စွန့်လွှတ်လိုက်ရ သည့် အခြေအနေသို့ ရောက်ရသည်။


Box 23

"ခြံတွေဘာတွေပိတ်လိုက်ရတာ မျိုးလည်းရှိတယ်။"

(မွန်ပြည်နယ် ရာဘာလုပ်ငန်းရှင်)

ပုံ ၇၊ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များသို့ မွန်ပြည်နယ်၏ ထုတ်ကုန်စီးဆင်းမှုပြပုံ

**မွန်ပြည်နယ်**





## ၂.၈ ရန်ကုန်တိုင်းဒေသကြီး

### ၂.၈.၁ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွါးရေးလုပ်ငန်းများ အပေါ်ထိခိုက်မှု

ရန်ကုန်သည် မြန်မာနိုင်ငံ၏အဓိက စီးပွါးရေးမြို့တော် ဖြစ်သည်။ အထည်ဆိုင်၊စားသောက်ဆိုင်၊ ဈေး ဝယ်စင်တာများ၊လျှပ်စစ်ပစ္စည်းဆိုင်များ အစရှိသည်တို့ကို ရန်ကုန်မြို့တွင် ကျယ်ကျယ်ပြန့်ပြန့်တွေ့နိုင်သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် ရန်ကုန်မြို့သည် သက်ရောက်မှုများစွာကိုခံစားနေရသည်။

**ပထမဆုံးအနေဖြင့် စီးပွါးရေးလုပ်ငန်းရှင်များသည် ကိုဗစ်ကာလအတွင်း ချေးငွေအခက်အခဲများကို လည်းကြုံနေရသည်။** စီးပွါးရေးလုပ်ငန်းများ တစ်နေ့ထက်တစ်နေ့ ခက်ခဲလာသည်နှင့်အမျှ ဝင်ငွေများ လျော့နည်းကာ စားဝတ်နေရေးကြပ်တည်းလာသည်။ ထိုသို့ စားဝတ်နေရေး အတွက်ရုန်းကန်နေရချိန်တွင် ချေးငွေများ ကိုအားကိုးလာရ တော့သည်။

## ပုံ ၈၊ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များသို့ ရန်ကုန်တိုင်းဒေသကြီး၏ ထုတ်ကုန်စီးဆင်းမှုပြပုံ




Inya Economics
@2020 Inya Economics
Private Sector Development Program

**Box 24**

*"COVID ကာလမှာဆို အမတို့အကြွေးတွေ အရစ်ကျနဲ့ရောင်းထားတာတွေရှိတယ်လေ အဲ့တာတွေမဆပ်နိုင်ကြသေးဘူး။" (ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာလုပ်ငန်းရှင်)*

**Box 25**

"သူတို့က "တောင်သူလယ်သမားတွေကို ပြန်ပြီးချေးငွေချပေးတယ်။ တောင်သူလယ်သမားတွေက ဝင်ငွေမရှိဘူး။ ပိုက်ဆံမရှိတော့မဝယ်ကျတာရယ် အကြွေးဆပ်စရာရှိလည်း တောင်သူဘက်ကမဆပ်နိုင်တာတွေပေါ့။" (ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာလုပ်ငန်းရှင်)

**Box 26**

"အခုကလမ်းတွေပိတ်တယ် ဟိုလူမဝင်ရ ဒီလူမဝင်ရနဲ့ဆိုတော့ အစ်မတို့ ဒီကစက်ဆရာတွေသွားလို့မရ စက်တွေပျက်ရင် ဖုန်းတွေနဲ့ပြောရတယ် ကိုယ်တိုင်သွားဖို့က ရွာတွေကလက်မခံတော့အစ်မတို့လည်း အခက်အခဲဖြစ်တယ်။" (ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာလုပ်ငန်းရှင်)

**Box 27**

"ဝန်ထမ်းတွေကိုလည်း ဆန်ဆီတို့ အိမ်စရိတ်တို့ပြန်ထောက်ပံ့နေရတော့ အစ်မနိုင်တဲ့ဝန်နဲ့ပဲလည်ပတ်နေတာပေါ့။" (ရန်ကုန်တိုင်းဒေသကြီး အစားအသောက် စွန့်ဦးလုပ်ငန်းရှင်)

**ဒုတိယ သက်ရောက်မှုမှာ လမ်းပန်းဆက်သွယ်ရေး ဖြစ်သည်။** ကိုဗစ်ကာလအတွင်း တစ်နေရာမှ တစ်နေရာသို့ ကူသန်းသွားလာမှုသည်အလွန်ပင်ခက်ခဲလှ သည်။ အချို့နေရာများတွင် နယ်မြေသွားလာရေး ကန့်သတ်ထားသဖြင့် ကုန်စည်များပို့ဆောင် ရောင်းဝယ်မှု တွင်ခက်လဲကြန့်ကြာမှုရှိသည်။

**တတိယအနေဖြင့် ကပ်ရောဂါ သက်ရောက်မှုကိုခံစားရသူများမှာ လုပ်ငန်းရှင်များသာမက ဝန်ထမ်းများလည်းအပါအဝင်ဖြစ်သည်။** စီးပွါးရေးအကျပ်အတည်း များကြုံလာရသည်နှင့်အမျှ စက်ရုံ၊အလုပ်ရုံများတွင် အလုပ်သမားများလျှော့ချခြင်း၊ လစာများလျှော့ ချခြင်းတို့ ကြောင့် အလုပ်သမားများတို့၏ စားဝတ်နေရေး အခြေအနေ များကြပ်တည်းလာရသည်။ သို့သော် အလုပ်ရှင်များဘက် ကလည်းတတ်နိုင်သလောက် ကူညီထောက်ပံ့ပေးသည်ကိုတွေ့ရသည်။

## ၂.၉ ရှမ်းပြည်နယ်

### ၂.၉.၁ ရှမ်းပြည်နယ်၏ လက်ဖက်လုပ်ငန်းအပေါ်ထိခိုက်မှု

မြန်မာနိုင်ငံ၏ တောင်တန်းဒေသဟု ခေါ်ဝေါ်ကြ သော ရှမ်းပြည်နယ်သည် ရှေးနှစ်ပေါင်းများစွာကပင် လက်ဖက် အဓိကစိုက်ပျိုးသည့် ဒေသဖြစ်ပေသည်။ တချို့သောနိုင်ငံများတွင် လက်ဖက်(အ)ခြောက် တစ်မျိုးတည်းကိုသာ သုံးစွဲကြပြီး မြန်မာ့လက်ဖက်ယဉ်ကျေးမှုတွင်ကား လက်ဖက်စို နှင့် လက်ဖက်ခြောက်ဟူ၍ နှစ်မျိုး ထုတ်လုပ် သုံးစွဲ ကြသည်။

လက်ဖက်စိုမှာ ပြည်တွင်းဈေးကွက်ကိုသာ အဓိကအားထားနေရပြီး လက်ဖက်ခြောက်ကိုမူ ပြည်တွင်းပြည်ပ ဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ရုံသာမက လက်ဖက် ယဉ်ကျေးမှု ထွန်းကားခဲ့သည့် တရုတ်နိုင်ငံသည် မြန်မာ့လက်ဖက်ခြောက်ကို အများဆုံး ဝယ်ယူပြီး အမေရိကန်နှင့် ဂျာမနီ နိုင်ငံများသို့လည်း အောဂဲနစ်လက်ဖက် အနည်းငယ်ကို တင်ပို့ရောင်းချလျက်ရှိသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မြန်မာနိုင်ငံရှိ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ကျဆင်းသွားသည်နှင့်အမျှ လက်ဖက်လုပ်ငန်းတွင်လည်း သက်ရောက်မှုများရှိခဲ့သည်။ **လက်ဖက်လုပ်ငန်းတွင် အဓိကအားဖြင့် ကျေးလက်နေ လက်ဖက် စိုက်ပျိုးသည့် တောင်သူများအပေါ်၌ များစွာထိခိုက်မှုရှိခဲ့သည်။** စက်ရုံတည်ထောင်သူများအနေဖြင့် ကိုဗစ်ကာလ ငွေကြေးအကျပ်အတည်းများကြောင့် လက်ဖက်ကုန်ကြမ်းများကို တောင်သူများထံမှ ဝယ်ယူ သိုလှောင်ရန် အဆင်မပြေမှုများရှိသလို တောင်သူများအနေဖြင့်လည်း လက်ဖက်ရောင်းထွက်အား နှစ်ဆလောက် လျှော့နည်းသွားမှုနှင့် တွေ့ကြုံရသည်။ သို့သော် လုပ်ငန်းရှင်များမှ တောင်သူများ၏ စားဝတ်နေရေး အဆင်ပြေစေရန် စာနာထောက်ထားသောအားဖြင့် လက်ဖက်များကို အနည်းအကျဉ်း ဝယ်ယူသိုလှောင်နေရသည့် အနေအထားမျိုးကို လည်း လေ့လာရပါသည်။

> Box 28
>
> "ပိုမှန်ခဲထောင်ဆိုပေမဲ့ ကိုဗစ်ဖြစ်တော့ ၅၀၀ဆိုပြီး လျော့ပြီးတော့ ဝယ်ရတယ်။ ဒါတောင် ကျွန်တော်တို့ ဘယ်အချိန်ရောင်းထွက်မလဲဆိုတဲ့ဟာကို မသိသေးဘူး။ တောင်သူတွေအဆင်ပြေစေဖို့၊ စားဖို့သောက်နိုင်ဖို့ အတွက်၊ လုံလောက်ဖို့အတွက် အောင့်အီးပြီး ဝယ်နေရတဲ့အနေအထားမျိုးပေါ့။" (ရှမ်းပြည်နယ် လက်ဖက်လုပ်ငန်းရှင်)

**ကိုဗစ်ကြောင့် ပြောင်းလဲမှုတစ်ရပ်အဖြစ် လုပ်ငန်းဝယ်လိုအား နည်းခြင်းနှင့် လုပ်ငန်းရာခိုင်နှုန်း ကျဆင်းသွားသည်ကိုလည်းတွေ့ရသည်။** တချို့စက်ရုံများက ကိုဗစ်မတိုင်မီက ကြိုတင်မှာယူမှုများပေးထားသော်လည်း ကိုဗစ်ကပ်ရောဂါကြုံတွေ့ရသည့်အခါ အရောင်းအဝယ် အခက်အခဲ၊ ဈေးကွက်ကိုဖြန့်ချီရန် အခက်အခဲများရှိလာသဖြင့် ကြိုတင်မှာယူမှုကိုပယ်ဖျက်သည့်အကြိမ်အရေများနှင့် ယခင်ကထက် နှစ်ဆလျော့၍ မှာယူရသည့်အနေအထားမျိုးကိုလည်း တွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ တွင် စီးပွားရေးမှာ ပုံမှန်လည်ပတ်လျက်ရှိသော် လည်း ကိုဗစ်-၁၉ ကြောင့် ၂၀၁၉ နောက်ပိုင်း ၂၀၂၀ ခုနှစ်အတွင်းတွင် လက်ဖက်လုပ်ငန်း၌ သိသိသာသာ ကျဆင်းသွားသည်။ **လုပ်ငန်းများတွင် ဝယ်လိုအား မရှိတော့သည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုအပိုင်း၌လည်း လျှော့ချလိုက်ရသည့်အခြေအနများကိုတွေ့ရသည်။** ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများမှာ ယခင်ကထက် ပို၍နည်းသထက်နည်းလာသည်။ အဓိကအားဖြင် နေ့စားအလုပ်သမားများအနေနှင့် စားဝတ်နေရေးအကျပ်အတည်းများကို ပိုမိုကြုံတွေ့ကြရသည်။ လုပ်ငန်းရှင်များအနေနှင့်ကလည်း လုပ်ငန်းတိုးချဲ့မည့် ရည်ရွယ်ချက်များ၊ မျှော်လင့်ချက်များကိုလက်လွှတ် ဆုံးရှုံး လိုက်ကြရသည်။


Box 29

“ကုမ္ပဏီလုပ်ငန်းရှင် တစ်စုက ၂ တန် ယူရမှာကို တစ်တန် ဖြစ်သွားတာမျိုး သို့မဟုတ် လုံးဝမဝယ်ဘူး၊ ဒီအချိန် ရပ်သွားတာမျိုး၊ ဒါလေးတွေတော့ အဲ့လိုလေးတွေ ရှိသေးတယ်။”
(ရှမ်းပြည်နယ် လက်ဖက်လုပ်ငန်းရှင် တစ်ဦး)

Box 30

“ကိုဗစ်ကြောင့် လုပ်ငန်းကမဆုတ်ယုံတစ်မယ်ပဲ၊ အမြတ်ရရှိမှု လုပ်ငန်းကိုတိုးချဲ့မှုလည်း မရနိုင်ဘူး။”
(ရှမ်းပြည်နယ် လက်ဖက်လုပ်ငန်းရှင် တစ်ဦး)

ပုံ ၉၊ ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များသို့ ရှမ်းပြည်နယ်၏ ထုတ်ကုန်စီးဆင်းမှုပြပုံ



## ၂.၉.၂ ရှမ်းပြည်နယ်ကော်ဖီလုပ်ငန်းအပေါ်ထိခိုက်မှု

ရှမ်းပြည်နယ်တွင် ကာလကြာရှည်စွာ စိုက်ပျိုးခဲ့သည့် မြန်မာ့ကော်ဖီသည် ယခုအချိန်တွင် ကမ္ဘာ့ကော်ဖီ အသိုက်အဝန်းထဲ၌နေရာတစ်ခုရရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ပျိုးသူ အများစုသည် အာရေဗီက (Arabica) ဟူသောကော်ဖီအမျိုးအစားကို အများစုစိုက်ပျိုးကြသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၀၀ ကျော်၊ အပူချိန် ၁၅ ဒီဂရီ ဆယ်လ်စီးယပ်စ်နှင့် ၂၄ ကြားတွင် အာရေဘိက (Arabica) ကော်ဖီစိုက်ပျိုး၍ ရသည်ဆိုသောကြောင့် မြန်မာနိုင်ငံရှိ တခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များထက် အအေးပိုသည့် ရှမ်းကုန်းပြင်မြင့်ဒေသတွင် အာရေဘိက (Arabica) ကော်ဖီကို အများဆုံးစိုက်ပျိုးကြသည်။

ရှမ်းပြည်နယ်မှ ထွက်ရှိသော ကော်ဖီကို မြန်မာနိုင်ငံအနှံ့အပြားသို့ လည်းကောင်း နိုင်ငံခြားဈေးကွက်အနေဖြင့် ဂျာမနီ၊ ဂျပန်၊ ဟောင်ကောင်၊ ထိုင်း၊ အမေရိကန်၊ စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ သြစတြေးလျ၊ နယူးဇီလန် နှင့် အင်္ဂလန် စသည့် နိုင်ငံအမြောက်အမြားသို့ တင်ပို့ ရောင်းချလျက်ရှိသည်။ နိုင်ငံခြားဈေးကွက်သို့ ဖြန့်ဖြူးရောင်းချသည့် ထုတ်ကုန်များမှာ အဓိကအားဖြင့် အောဂစ်နစ် ကော်ဖီထုတ်ကုန်များ ဖြစ်ကြသည်။

ရှမ်းပြည်နယ်၏ ကော်ဖီလုပ်ငန်းသည် ပြည်တွင်းသာမက နိုင်ငံတကာ ဈေးကွက်အထိပါ တွင်ကျယ်လာသည့်အတွက် ကိုဗစ်မတိုင်မီ ကော်ဖီလုပ်ငန်း၏ စီးပွားရေးသည် အခြေအနေတော်တော်ကောင်းခဲ့ပြီး ကိုဗစ်ကာလအတောအတွင်း၌မူ အတော်အတန်ကျဆင်းသွားသည်။ ထို့ကြောင့် ကိုဗစ် ကာလအတွင်း ရှမ်းပြည်နယ်၏ ကော်ဖီလုပ်ငန်းအပေါ်မည်သို့ သက်ရောက်မှုများရှိသည်ကို သုတေသနပြုလုပ်ခဲ့ပါသည်။

**ကိုဗစ်ကာလ ဝင်ငွေ အကျပ်အတည်းကြောင့် ဝယ်သူများသည် ဈေးသက်သာသည့် ကုန်စည်များကို အစားထိုးရှာဖွေ ဝယ်ယူလာကြသည်။** ထို့ကြောင့် ယခင်က အရည်အသွေး (Quality) ကို ဦးစားပေး ထုတ်လုပ်သည့် အထူးတန်း (Speciality) ကော်ဖီကို ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများသည် (Commercial) ကော်ဖီ ဟူသာ လူတန်းစားမရွေးစားသုံးနိုင် သောထုတ်ကုန်များကို ပြောင်းလဲထုတ်လုပ်ရန် ဦးတည်လာကြသည်။

Box 31

"အရင်တုန်းကဆိုရင်ဒီ speciality ဘက်ကိုရောင်းပေးတာကို commercial တို့ဘက်ကို စဉ်းစားပေးလာတာပေါ့။"(ရှမ်းပြည်နယ် ကော်ဖီလုပ်ငန်းရှင်တစ်ဦး)

Box 32

"ဟုတ်တယ်။ အပြောင်းအလဲလုပ်ရတယ်။ လစာတွေ လျှော့ရတယ်။ တချို့လူတွေ အလုပ်ထုတ်ရတယ်။" (ရှမ်းပြည်နယ် ကော်ဖီလုပ်ငန်းရှင်တစ်ဦး)

**ကပ်ရောဂါ၏ သက်ရောက်မှုကို အလုပ်သမားများ၊ ဝန်ထမ်းများမှာအဓိကခံစားကြရသည်။** လုပ်ငန်းများအနေနှင့် ကပ်ရောဂါကာလအတွင်း စီးပွားရေးပုံမှန်လည်ပတ်ရန် အခက်အခဲ ရှိနေသဖြင့် ဝန်ထမ်းများအား လစာလျှော့လိုက်ရခြင်း၊ တချို့တဝက်ကို အလုပ်ထုတ်လိုက်ရခြင်း စသည့် အခြေအနေများကို တွေ့ရသည်။

**ပြည်တွင်းမှ ဝယ်လိုအားများ လျှော့နည်း သွားသည်သာမက ပြည်ပမှ မှာယူမှုများလည်း သိသိသာသာ ကျဆင်းသွားသည်။** နိုင်ငံခြားဈေးကွက်မှ ဝယ်ယူသူများသည် ယခင်ကထက် သုံးဆခန့် လျှော့ ၍ဝယ်ယူခြင်း၊ အမှာစာများကို ပယ်ဖျက်လိုက်ခြင်း စသည့်အခိုက်အတန့်များကို တွေ့ရှိရသည်။ အချို့လုပ်ငန်းများတွင်မူ ပြည်ပနိုင်ငံများနှင့် ချုပ်ဆိုထားသော စာချုပ်များကို ပါဖျက်သိမ်းလိုက်ရ ကြောင်း လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါသည်။ သို့ဖြစ်၍ လုပ်ငန်း၏ ၅၀% သော ထုတ်ကုန်များသည် ရောင်းချ၍ မရသည့် အခြေအနေသို့ ရောက်ရှိသွားသဖြင့် ကုန်စည်ပိုလျှံမှုများ ကြုံတွေ့ကြရသည်။

ကိုဗစ်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် လေဆိပ်များပိတ်ရသည့်အတွက် နိုင်ငံခြားကိုတင်ပို့ရသည့် အဆက်အသွယ်များလည်း ပြတ်တောက်သွားခဲ့သည်။ လုပ်ငန်းရှင်များအနေနှင့် စီးပွားရေးကို တွင်ကျယ်အောင် ချဲ့ထွင်ချင်သော်လည်း လက်ရှိအခြေအနေတွင် ကိုဗစ်ကြောင့် မတိုးချဲ့ဘဲ အခြေအနေကောင်းလာသည်အထိ ရပ်တန့် စောင့်ကြည့် နေကြရသည်။

Box 33

"အဓိကတော့ ကိုဗစ် ကြောင့်ပဲ အဝယ်တွေ လျော့တာပေါ့လေ ။ *Demand* တွေ လျော့ တယ်။ ဘာလို့လဲ ဆိုတော့ အမတို့ ရောင်းတဲ့ *US* ဆိုရင် ရှေ့နှစ်တွေတုန်း က လွန်ခဲ့တဲ့ ၂နှစ်တုန်း က *container* ၃ လုံး တောင် ဝယ်တဲ့ ကုမဏီ ဆိုရင် ဒီနှစ် ၁လုံး ပဲ ဝယ်နိုင်တယ်လေ။" *(ရှမ်းပြည်နယ် ကော်ဖီလုပ်ငန်းရှင်တစ်ဦး)*

Box 34

" အဓိကတော့ ကိုဗစ် ကြောင့်ပဲ အဝယ်တွေ လျော့တာပေါ့လေ ။ *Demand* တွေ လျော့ တယ်။ ဘာလို့လဲ ဆိုတော့ အမတို့ ရောင်းတဲ့ *US* ဆိုရင် ရှေ့နှစ်တွေတုန်း က လွန်ခဲ့တဲ့ ၂နှစ်တုန်း က *container* ၃ လုံး တောင် ဝယ်တဲ့ ကုမဏီ ဆိုရင် ဒီနှစ် ၁လုံး ပဲ ဝယ်နိုင်တယ်လေ။" *(ရှမ်းပြည်နယ် ကော်ဖီလုပ်ငန်းရှင်တစ်ဦး)*

## ၃။ မူဝါဒရေးရာ အကြံပြုချက်များ

### မူဝါဒ အနှစ်ချုပ်

| **မူဝါဒ ရည်ရွယ်ချက်** | ပြည်တွင်း ဝယ်လိုအား တိုးတက်စေရန် | အလုပ်လက်မဲ့ လျှော့ချရန် | အနုတ်လက္ခဏာ ဆင့်ကဲ့အကျိုးသက်ရောက်မှု သက်သာစေရန် | ထိခိုက်လွယ်သူများကို ကာကွယ်ရန် |
|---|---|---|---|---|
| **အကြံပြုချက်** | တိုင်းနှင့်ပြည်နယ် အသီးသီးရှိ အဓိက စီးပွားရေးလုပ်ငန်းများကို ပိုမို ထောက်ပံ့ပေးရန် | ကော်လံပြာ၊ ကော်လံဖြူ လုပ်သားများ အတွက်အစားထိုး အလုပ်အကိုင်များ ဖန်တီးခြင်း | ပြည်တွင်း၊ ပြည်ပ ကုန်စည်စီးဆင်းမှု ပြတ်တောက်မှုမရှိစေရန် လိုအပ်ခြင်း | ထိခိုက်လွယ်သူ အုပ်စုများကို ပိုမို သက်သာ ချောင်ချိနိုင်စေသော နည်းလမ်းများဖြင့် ပံ့ပိုးရန် |

**(က) ပြည်ပဝယ်လိုအားကျဆင်းနေသည့်အချိန်တွင် ပြည်တွင်းဝယ်လိုအား တိုးတက်ရန် ကုန်စည်စီးဆင်းမှု မပြတ်ရန်မှာ အလွန်အရေးကြီးပါသည်။**

လူစုလူဝေးဖြစ်စေသော ပြည်သူများ၏ အမူအကျင့်နှင့် ရောဂါပိုးကူးစက်ရန် မလွယ်ကူသော ကုန်စည်နှင့် ဝန်ဆောင်မှု ရောင်းချမှုကို သေချာခွဲခြားသိမြင်ရန်မှာ အလွန်အရေးကြီးသည်။ အသွားအလာအကန့်အသတ်ကို ကုန်စည်များရောင်းဝယ်ဖောက်ကားမှု မထိခိုက်အောင် စဉ်းစားရမည်ဖြစ်သလို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို စီးပွားရေးလုပ်ငန်းများမှ လိုက်နာရာတွင် ရည်ရွယ်ချက်ဖြစ်သည့် လူစုဝေးမှုတစ်ဆင့် ရောဂါပိုး မပြန့်နှံ့စေရန် ရည်ရွယ်၍ လူတစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် နေစေခြင်း၊ လက်ဆေးခြင်းစသော ကာကွယ်မှုများကို ကုန်စည်ရောင်းချ သယ်ယူ ပို့ဆောင်ရာတွင် တင်းတင်းကြပ်ကြပ်အသုံးပြုစေသင့်ပါသည်။ ထိုသို့မဟုတ်ဘဲ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရောဂါမပြန့်ပွားစေရန် တစ်ဖက်သတ်အတင်းကျပ်ပိတ်ပင်ခိုင်းမှုများသည် စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အတားအဆီးဖြစ်ရုံမျှမက စီးပွားရေးလုပ်ငန်းများ ပိုမိုကြွေးနွံနစ်စေပြီး၊ ၎င်းတို့၏ လုပ်ငန်းများလက်လွှတ်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည် အထိ အန္တရာယ်ကြီးမားပါသည်။

**(ခ)အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခြင်း၊ အစားထိုးအလုပ်များ မဖန်တီးပေးနိုင်ခြင်း**

ယခုလေ့လာမှုအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီးပွားရေးလုပ်ငန်းများသည် ကပ်ရောဂါကြောင့် ၎င်းတို့၏ ဝန်ထမ်းနှင့် အလုပ်သမားဦးရေ ထက်ဝက်ခန့်နီးပါးလျှော့ချခဲ့ရပါသည်။ ထိုကဲ့သို့ လျှော့ချခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော လုပ်သားများကိုအစိုးရမှ ထောက်ပံ့ကြေးမပေးနိုင်ခြင်း၊ စည်းဘောင်အတွင်းရှိမနေသော လုပ်ငန်းများရှိ အလုပ်သမားများအတွက် အစားထိုးအလုပ်ကိုင်များအချိန်မီမဖန်တီးပေးနိုင်ခြင်းတို့အပြင်၊ ၎င်းတို့၏ နေရပ်ပြန်ရန် အသွားအလာကန့်သတ်မှုများကြောင့် လုပ်ငန်းတည်ရှိရာနေရာတွင် သောင်တင်နေပြီး အကြွေးနွံနစ်မှုများ ပိုမိုဆိုးဝါးလာစေပါသည်။

**(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဓိကအားထားရသည့် ကုန်စည်နှင့် လုပ်ငန်းများကို အသေအချာခွဲခြား၍ အထောက်အပံ့ပြုသင့်သည်။** ဤသို့အားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ စီးပွားရေးထောက်တိုင်ပိုမိုခိုင်မာလာမည်။ ဒီဇင်ဘာလ ၂၀၂၀ခုနှစ်အထိ အစိုးရမှ ဂျီဒီပီ၏ ၄ရာခိုင်နှုန်းခန့်(ကျပ်၄ထရီလျံနီးပါး) ကိုဗစ်ကပ်ရောဂါကြောင့် စီးပွားရေးနလန်ထူစေရန် သုံးစွဲနေသော်လည်း ဒီဇင်ဘာလ ၂၀၂၀ခုနှစ်အထိ ပြည်တွင်းစုစုပေါင်း ဝယ်လိုအားများ ပြန်လည်တိုးတက်လာခြင်းမရှိသလို၊ ပြည်ပပို့ကုန် ရပ်ဆိုင်းနေခြင်းကြောင့် ဒေါ်လာဈေးကျမှုများကိုလည်း ရင်ဆိုင်နေရပါသည်။ ဤကဲ့သို့ ပြည်တွင်းစုစုပေါင်း ဝယ်လိုအားကို မြှင့်တင်ရန်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၎င်းတို့၏ အဓိက စီးပွားရေးလုပ်ငန်းများကို အစိုးရမှ ချေးငွေများ ပိုမိုထုတ်ချေးခြင်းသည် ပြည်တွင်းစုစုပေါင်းဝယ်လိုအား အလျင်အမြန်တိုးတက်လာနိုင်သော နည်းလမ်းတစ်ခု ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝယ်လိုအားသေချာခိုင်မာမှုရှိသော ကုန်စည်များကအလျင်အမြန် ပြန်လည်တိုးတက်ကောင်းမွန်လာသည်ကို ယခုလေ့လာမှုအရ တွေ့ရသည်။(

**(ဃ) လုပ်ငန်းသစ်များကို အားပေးခြင်းထက် လုပ်ငန်းဟောင်းများကို ပိုမိုအားကောင်းစေရန် ပံ့ပိုးသင့်သည်။** အစိုးရအနေဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းများဖြစ်စေ၊ လုပ်ငန်းကြီးများ ဖြစ်စေ ထောက်ပံ့ရာတွင်လည်းကောင်း၊ ဖြေလျှော့ရာတွင်လည်းကောင်း လက်ရှိလည်ပတ်နေပြီးသော လုပ်ငန်းများကို ထောက်ပံ့မှုပြုခြင်းမှာ ပိုမိုလွယ်ကူစွာ စီးပွားရေးပြန်လည်တည့်မတ်စေရန် အထောက်အကူပြုပါသည်။ ယခုလို မရေရာမသေချာမှုများစွာရှိနေချိန်တွင် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများမှာ ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများ ထိခိုက်မှု မရှိစေရန် ပိုမိုအသေးစိတ်စောင့်ကြည့် အကဲဖြတ်သောကြောင့် ရှိရင်းစွဲလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပိုမို တိုးတက်လာအောင် ဆောင်ရွက်ခြင်းက ပိုမိုလက်တွေ့ကျသော အဖြေတစ်ခု ဖြစ်နိုင်ပါသည်။

**(င) ကိုဗစ်ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးလုပ်ငန်းများမှာ ဒစ်ဂျစ်တယ် မာကတ်တင်း၊ ဆိုရှယ်မီဒီယာကွန်ယက်များကို အသုံးပြု၍ ၎င်းတို့၏ လုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရန် အစွမ်းကုန်ရုန်းကန်နေကြသည်ကို တွေ့ရသည်။** ထိုကဲ့သို့ ရုန်းကန်ရမှုများကို အစိုးရအနေဖြင့် အခွန်ကောက်ခြင်းရှုထောင့်မှ မကြည့်ဘဲ၊ အဆိုပါလုပ်ငန်းများ ပိုမိုအဆင်ပြေစေနိုင်သည့် နည်းလမ်းများကို ပံ့ပိုးသင့်ပါသည်။

**(စ) ရန်ကုန်တိုင်းဒေသကြီးနေမကောင်းခြင်းသည် မြန်မာနိုင်ငံ နေမကောင်းခြင်းဖြစ်သည်။** ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ဖြစ်သည့်အပြင် ကိုဗစ်ရောဂါကူးစက်မှု အများဆုံးနှင့် ထိခိုက်မှု၊ သက်ရောက်မှု အများဆုံးခံရသည် တိုင်းဒေသကြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေး တိုးတက်မှုကျဆင်းလာခြင်းသည် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ကိုပါ တိုက်ရိုက် ထိခိုက်နေလျက်ရှိသည်။ ထို့ကြောင့် လူဦးရေအများအပြားရှိနေသော ရန်ကုန်တိုင်းဒေသကြီးတွင် ကျန်းမာရေးထိခိုက်မှုများလည်းလျော့နည်းအောင် ကြိုးစားသင့်သလို၊ ၎င်း၏ စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိစေရန် ပြည်တွင်းဝယ်လိုအားများ တိုးတက်လာစေရန်အတွက် အလုပ်လက်မဲ့ဖြစ်မှုကို ကာကွယ်ပေးနိုင်သော အကျိုး-ကုန်ကျစရိတ်ကိုက်ညီမှုရှိသည့် စီးပွားရေးလုပ်ငန်းများကို ချေးငွေများ ပိုမိုထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့၏ လုပ်ငန်းများဆက်လက်လည်ပတ်စေပြီး၊ အလုပ်လက်မဲ့ပြဿနာကိုလည်း အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်မည်ဖြစ်သည်။

(ဆ) **အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ကိုဗစ်ကာလအတွင်း ပြန်လည်ဦးမော့လာစေရန်မှာမူ ၎င်းတို့၏ ဝယ်လိုအား ဝန်းကျင်ရှိ အိမ်ထောင်စုများ၏ ဝင်ငွေရရှိမှုနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။** ထို့ကြောင့် အသေးစား၊ လုပ်ငန်းများကို ကျန်းမာရေးအရ လုံးဝပိတ်ထားခြင်းထက်၊ ကျန်းမာရေးလမ်းညွှန်ချက်များနှင့် အညီ ပြန်လည်ဖွင့်လှစ်နိုင်စေရန် အစိုးရအနေဖြင့် မက်လုံးပေးခြင်းနှင့်အတူ၊ ဖြေလျှော့ခြင်း လုပ်ငန်းများကိုလည်း တပြိုင်နက်လုပ်ဆောင်ရမည်ဖြစ်သည်။

## ရုန်းကန်ရသည့် ကစားပွဲ

# ကိုဗစ်ကပ်ရောဂါ၏ မြန်မာ့စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်သက်ရောက်မှုများ

“ကိုဗစ်ဖြစ်တော့ ပိတ်ဆိုတော့၊

အနာဂတ်ပျောက်၊

လမ်းပျောက်တယ်။”

ချင်းပြည်နယ် ဟိုတယ်လုပ်ငန်းရှင်

Inya
Economics

ဇန်နဝါရီလ၊ ၂၀၂၁ခုနှစ်